မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၅)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၈ ရက် ၊ ၂၃-၂-၂၀၂၆၊ တနင်္လာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဆရာအတတ်ပညာတက္ကသိုလ် သင်ရိုးညွှန်းတမ်းရေးဆွဲရေးဆွေးနွေးပွဲနှင့် ဒစ်ဂျစ်တယ်စာကြည့်တိုက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၂၆-၂၀၂၇ ခုနှစ် ဆရာအတတ်ပညာတက္ကသိုလ် သင်ရိုးညွှန်းတမ်းရေးဆွဲရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ၊ အငြိမ်းစား ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ပညာရေးဒီဂရီကောလိပ် ခြောက်ခုမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဒီဂရီကောလိပ်များမှ ဆရာအတတ်ပညာ တက္ကသိုလ်များအဖြစ် မန္တလေး၊ ပြည်၊ တောင်ကြီး၊ ပုသိမ်နှင့် သထုံတို့ကို တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဆရာအတတ်ပညာတက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရာတွင် သင်ကြားမည့် M.A.(Education), M.Sc.(Education) ဘွဲ့အတန်းများနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေခံပညာအထက်တန်းအဆင့် သင်ရိုးနှင့် ပညာရေးဘာသာရပ်များပါဝင်သည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရန်လိုအပ်လာကြောင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပြင်ပပညာရှင်များပါဝင်သည့် ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီ (Subject Wise Curriculum Committee-SWCC)၊ ပညာရေးတက္ကသိုလ်များ၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာဆရာမများပါဝင်သည့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ (Curriculum Development Team-CDT)တို့ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်ပညာ တက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆရာကြီး ဆရာမကြီးများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ ဟားခါးပညာရေးဒီဂရီကောလိပ်၊ ကသာပညာရေးဒီဂရီကောလိပ်နှင့် လားရှိုးပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီးများထံ ပေးအပ်သည်။

ယင်းနောက် ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရား၊ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဘာသာရပ်ဆိုင်ရာများအလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲရေး ဆွေးနွေးနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ Telecom International Myanmar (Mytel) နှင့် Mytel Wallet International Myanmar Co.,Ltd. က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့ကို



ဒစ်ဂျစ်တယ်စာကြည့်တိုက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် Mytel and Shareholder of MytelPay မှ Chairman, Board Of Director က Digital Library နှင့် Learning Management System လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်တို့က ကျေးဇူးတင်စကားပြောကြားကာ Telecom International Myanmar Co.,Ltd. တာဝန်ရှိသူက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် Digital Library ကို ဖွင့်လှစ်ပေးပြီး Digital Library အတွင်း လှည့်လည်ကြည့်ရှုကြသည်။

Telecom International Myanmar (Mytel) Mytel Wallet International Myanmar Co.,Ltd. အနေဖြင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ Projector တစ်လုံး၊ Computer Desktop ၁၉ စုံ၊ Printer တစ်လုံး၊ WiFi 50 Mbps(1 year) အစရှိသည့် (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်းတစ်ထောင်)နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ Projector တစ်လုံး၊ Computer Desktop ၁၆ စုံ၊ Printer တစ်လုံး၊ WiFi 50 Mbps(1 year) (ငွေကျပ်သိန်း တစ်ထောင့်ခြောက်ရာတန်ဖိုးရှိ) ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နွေစပါးနှင့် နွေသီးနှံစိုက်ဧက ၇၃၈၀၃ ဧကတို့အတွက် ဆည်တော်ကြီးရေလှောင်တမံမှ ပြည့်ဝစွာ ရေပေးဝေလျက်ရှိ



မန္တလေး ဖေဖော်ဝါရီ ၂၂

၂၀၂၅-၂၀၂၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးမည့် နွေစပါးနှင့် နွေသီးနှံစိုက်ဧက ၇၃၈၀၃ ဧကတို့အတွက် ဆည်တော်ကြီးရေလှောင်တမံမှ ရေပြည့်ဝစွာသိုလှောင်ထားပြီး တောင်သူများအတွက် စိုက်ပျိုးရေပြည့်ဝစွာပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆည်တော်ကြီးရေလှောင်တမံ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသော မြို့နယ်လေးမြို့နယ်ရှိ နွေစပါးနှင့် နွေသီးနှံလျာထားစိုက်ဧက ၇၃၈၀၃ ဧကတို့အတွက် တောင်သူများစိုက်ပျိုးသည့် ဧကများအလိုက် ယခုဖေဖော်ဝါရီလ တတိယပတ်မှစ၍ စိုက်ပျိုးရေများပေးဝေပြီး စိုက်ပျိုးလျက်ရှိရာ ယနေ့အချိန်ထိ နွေစပါးစိုက်ပြီးဧက ၅၄၆၆ ဧကရှိနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောသည်။

စာမျက်နှာ ၃ သို့ ○

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၃ ရက် ၊ တနင်္လာနေ့ ။

မန္တလေးနေ့စဉ်

## သင်ကြားရေးအတွက် သုတေသနလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည်

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့် ဒေသဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အများဆုံးတက်ရောက် သင်ကြားလျက်ရှိသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ Grade-12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ နီးကပ်လာသည့် တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲနှင့် အစိုးရစစ်စာမေးပွဲများ ဖြစ်သည့် Grade-5 နှင့် Grade-9 စာမေးပွဲများအတွက် မေးခွန်းလုံခြုံမှုသည် လွန်စွာအရေးကြီးပြီး မေးခွန်းများ လုံခြုံမှုရှိစေရန် တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ အဆင့်ဆင့်တွင် တာဝန်ရှိပါကြောင်း၊ လာမည့်ကျောင်းဖွင့်ရာသီတွင် သက်ဆိုင်ရာကျောင်းသား၊ ကျောင်းသူများ၏လက်ထဲသို့ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အချိန်မီရောက်ရှိစေရန် လိုအပ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

တိုင်းဒေသကြီးနှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လာမည့် ပညာသင်နှစ်ဖွင့်လမှစတင်၍ Grade-6 မှ Grade-9 အထိ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်များ သင်ကြားပေးနိုင်ရန် သင်ရိုးများကို ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းဘာသာရပ်များကို သင်ကြားရာတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက အလယ်တန်းပြဆရာ၊ ဆရာမများကို ဆင့်ပွားသင်တန်းများ ပြန်လည်သင်ကြားပို့ချပေးမည်ဖြစ်ပါကြောင်း ပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက ပုသိမ်ပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အသစ်တည်ဆောက်မည့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ အဆောက်အအုံနေရာများ၊ Master Plan လက်ရှိနှင့် လျာထားအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကိုမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိပြီး ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခုတွင် သုတေသနမရှိခြင်းသည် တူရိယာမပါသော ဂီတနှင့် တူသည့်အတွက် သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း မှာကြားသည်။

သင်ကြားရေးသည် သုတေသနနှင့် ဆက်စပ်နေမှသာလျှင် သုတေသနစာတမ်းများ ရေးသားရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။ သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရာတွင် အားသာချက်ရှိသော ဘာသာရပ်များပေါ်တွင် အခြေခံ၍ သုတေသနစကားဝိုင်းများ ပြုလုပ်ခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းများ ထုတ်ဝေနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများ နွေစပါးစိုက်ပျိုးရန် စတင်ဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများသည် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေရရှိသဖြင့် စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က တောင်သူဦးလှမြင့်ကြည်ပါ။ ဆည်ကနေ ရေရရှိပြီဖြစ်တဲ့အတွက် နွေစပါးကို တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးရန်အတွက် ထယ်ရေးပြင်ဆင်နေပါပြီ။ ကျွန်တော့်လယ်က ကွင်းအမှတ်(၁၃၀၂)၊ ဈေးရပ်ကွင်း၊ ဦးပိုင်အမှတ်(၂)၊ နတ်မောက်ဆည်ရေသောက်ပါ။ နွေစပါးဆိုတော့သက်တမ်းတိုစပါးမျိုးဖြစ်တဲ့ အောင်နိုင်တိုးစပါးမျိုးစိုက်မှာပါ။ စိုက်မယ့်လယ်ဧက ၅ ဧကရှိပါတယ်။ လေး၊ ငါးလနေရင်တော့ ရိတ်သိမ်းရမှာပါ" ဟုပြောသည်။

မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများ နွေစပါးနှင့်နွေသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်တို့မှ ဖေဖော်ဝါရီ ၁ ရက်က စတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး နွေစပါးလျာထားဧက(၅၇၈၄)ဧကနှင့် နွေနှမ်းလျာထားဧက(၄၀၉၂)ဧက၊ စုစုပေါင်း(၉၈၇၆)ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀



## စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း(၃၄၄၉)ဦးအား စားအုန်းဆီ(၆၈၉၈)ပိဿာ ရောင်းချပေး



**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင်ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး ပိုမိုအဆင်ပြေစေရန်နှင့် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်ကာ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာရုံးများတွင် သက်သာသော နှုန်းထားဖြင့် စားအုန်းဆီများကို စဉ်ဆက်မပြတ် ရောင်းချလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စားသုံးဆီအရောင်းဆိုင်များ၌ ဌာနဆိုင်ရာဝန်ထမ်း(၃၄၄၉)ဦးအား စားအုန်းဆီ(၆၈၉၈)ပိဿာ ရောင်းချပေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ရောင်းချပေးရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်များဖြစ်ကြသည့် စဉ့်ကိုင်မြို့နယ်အတွင်းမှ ဦးကျော်ထွန်း၊ ဦးအောင်ကြိုင်၊ ဦးအောင်ကြည်စိုး၊ ဦးကျော်ဆွေဝင်း၊ ဦးစိုးမောင်၊ ဦးအောင်ခိုင်မိုး၊ ဒေါ်ကေသီထွန်း၊ ဦးအောင်နိုင်ဦး၊ ဦးရဲဝင်းထွန်း၊ ဒေါ်ရီမွန်၊ Central Myanmar စသည့်ဆီအရောင်းဆိုင် ကိုယ်စားလှယ်(၁၁)ဦးတို့က စားအုန်းဆီတစ်ပိဿာလျှင်(၇၃၆၀)ကျပ်နှုန်းဖြင့် ဌာနဆိုင်ရာဝန်ထမ်း(၃၄၄၉)ဦးအား တစ်ဦးလျှင် နှစ်ပိဿာနှုန်းဖြင့် ဆီပိဿာပေါင်း(၆၈၉၈)ပိဿာ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စဉ့်ကိုင်မြို့နယ် တာဝန်ခံ ဦးစိုးလွင်ထံမှ သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွဲကပင်မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ အဆိုပါအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီနာယက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွဲကပင်မိုးလုံလေလုံအားကစားရုံကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အားကစားရုံဖွင့်ပွဲအခမ်းအနားအတွက် ပါဝင်ကူညီပေးသောဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကရင်တိုင်းရင်းသားဒုံးယိမ်းအဖွဲ့များ၊ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်၍ အားကစားရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ အားကစားရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ်၏ အားကစားကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည့် Sports Infrastructure ကွက်လပ်တစ်ခုကို ဖြည့်စွက်ပေးသည့်အနေဖြင့် အလျားပေ ၂၀၀၊ အနံပေ ၁၃၀၊ ပရိသတ် ၂၀၀၀ ကျော်ဝင်ဆံ့နိုင်သည့် ဖွဲကပင်မိုးလုံလေလုံအားကစားရုံကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အားကစားရုံကို အကျိုးရှိစွာအသုံးချရန်၊ အားကစားလေ့ကျင့်မှုများ စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားနေရန်၊ ပြည်နယ်ဂုဏ် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရန် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ဧပြီလမှစတင်၍ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိအောင် ဆက်လက်ပိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ Physical Fitness Dance အဖွဲ့တို့မှ သရုပ်ပြမှု၊ ပြည်နယ်လဝကအသင်းနှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့အသင်းတို့၏ ဘော်လီဘော ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက fitness Dance၊ ဗိုဗီနမ်၊ မြန်မာ့သိုင်းအဖွဲ့များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် ပြည်နယ်လဝကအဖွဲ့တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖွဲကပင်အားကစားကွင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး၊ ပြည်နယ်ပြယုဂ်ဖြစ်သော နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေး မှာကြားကာ ဖွဲကပင်ရေကူးကန်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူငယ်စင်တာ၌ ပြည်နယ်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့သည် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြားတွင် ပေါင်းကူးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ၊ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရန်၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စေတနာထားလုပ်ကိုင်ဆောင်ရွက်ရန်၊ ရုံးလုပ်ငန်းဆိုင်ရာ အခက်အခဲနှင့် ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ (၁၁)ကြိမ်မြောက် Technical Knowledge Sharing Seminar ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် AGM Committee က ကြီးမှူးစီစဉ်သည့် (၁၁) ကြိမ်မြောက် နည်းပညာဆိုင်ရာ Knowledge Sharing Seminar ကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ အသင်းချုပ် Function Hall ၌ ကျင်းပသည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက အမှာစကားပြောကြားပြီး DBU INTERNATIONAL COLLEGE မှ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "Effective Engineering Leadership" ခေါင်းစဉ်ဖြင့် အင်ဂျင်နီယာဦးဆောင်မှု၏ အဓိကကျသည့် အရည်အချင်းများ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးနားလည်မှုတို့၏ အရေးပါမှုကို မျှဝေပေးခဲ့သည်။

ထို့နောက် နည်းပညာတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခဌာနမှူးက "Introduction to Geotechnical Engineering" ခေါင်းစဉ်ဖြင့် မြေသဘောတရား အင်ဂျင်နီယာပညာ၏ အခြေခံသဘောတရားများနှင့် Super Seven Stars ကုမ္ပဏီမှ ညွှန်ကြားရေးမှူးက နိုင်ငံတကာအဆင့်မီ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကို မျှဝေဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဟောပြောသူများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး အသင်းသားစုံညီညီလာခံ (၂၀၂၆) ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နီဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ရွှေဖုံးမှ

"ရေလှောင်တမံကနေပြီးတော့ နွေစပါးနဲ့ နွေသီးနှံတွေ စိုက်ပျိုးမယ့် တောင်သူတွေအတွက်ကို ရေပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးနေတာပါ။ အခုနှစ် နွေစပါးနဲ့ နွေသီးနှံ စိုက်ပျိုးချိန်မတိုင်မီ နွေစပါးနဲ့ နွေသီးနှံစိုက်ပျိုးမယ့် တောင်သူဦးကြီးတွေအနေနဲ့ စိုက်ပျိုးရေအတွက် စိုးရိမ်ကြောင့်ကြမှုမရှိစေရေး ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနဲ့ နွေသီးနှံ လျာထားတဲ့ စိုက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ပြီး အခုလတတိယပတ်ကစပြီး နွေစပါးစိုက်ပျိုးအောင်မြင်တဲ့အထိ ဆည်တော်ကြီးရေလှောင်တမံက ရေပေးဝေပါမည်ဆိုတဲ့ တောင်သူတွေထံ အသိပေးကြော်ငြာဆိုင်းဘုတ်တွေကို ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်နဲ့ အမရပူရမြို့နယ်တွေရှိ တူးမြောင်းတွေမှာ စိုက်ထူထားရှိပါတယ်။ ဒီနေ့အထိ မတ္တရာမြို့နယ်နဲ့ ပုသိမ်ကြီးမြို့နယ်တွေမှာ မုရင်းစပါး ၅၄၆၆ ကေ စိုက်ပျိုးပြီးဖြစ်ပါတယ်။ လျာထားကေကို ပြည့်မီအောင် ဆက်လက်စိုက်ပျိုးနိုင်ဖို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ တူးမြောင်းတွေ ပြုပြင်ရှင်းလင်းတာတွေကို အချိန်မီ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်း နွေစပါးနှင့် နွေသီးနှံစိုက်ကေများမှာ မတ္တရာမြို့နယ်တွင် နွေစပါး ၄၄၉၀၄ ကေနှင့် နွေနှမ်း ၂၉၅ ကေ၊ ပုသိမ်ကြီးမြို့နယ်တွင် နွေစပါး ၁၉၀၂၉ ကေနှင့် နွေနှမ်း ၂၃၉ ကေ၊ အမရပူရမြို့နယ်တွင် နွေစပါး ၆၁၇၈ ကေနှင့် နွေနှမ်း ၃၁၁၄ ကေ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နွေစပါး ၄၄ ကေ စုစုပေါင်း နွေစပါးနှင့် နွေသီးနှံစိုက်ကေ ၇၃၈၀၃ ကေအတွက် ရေပြည့်ဝစွာပေးနိုင်ရန် ရေကို သိုလှောင်ထားရှိပြီးဖြစ်ကြောင်း၊ ဆည်တော်ကြီးရေလှောင်တမံ၏ ယနေ့ရေမှတ်မှာ RL- ၄၁၈ ဒသမ ၃ ပေ၊ ရေလှောင်ပမာဏမှာ ကေပေ ၃၅၃၈၂၀၊ အသုံးပြုနိုင်သည့်ရေပမာဏမှာ ကေပေ ၃၂၆၇၂၀ ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်(၁၆၂၀)တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဖေဖော်ဝါရီ ၂၂**

အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်(၁၆၂၀)တန်အား မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် APTERR အဖွဲ့အစည်းသည် အာဆီယံဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုအတွက် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ဆန်ရိက္ခာများ ထောက်ပံ့ပေးခြင်းသည် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုသင်္ကေတပင်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် APTERR အစီအစဉ်-၃ (၂၀၂၂)တွင် စတင်ပါဝင်ခွင့်ရရှိခဲ့ပြီး ယခုအစီအစဉ်-၃ (၂၀၂၅)အထိ စတုတ္ထအကြိမ်မြောက် ပါဝင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ခံစားခဲ့ရသော ငလျင်ဒဏ်သင့်ပြည်သူများအား APTERR အစီအစဉ်-၃ (၂၀၂၄)အရ အရန်ဆန်ရိက္ခာ(၁၅၇၅)တန်အား ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု ထပ်မံပြီးရရှိလာသော APTERR အစီအစဉ်-၃ (၂၀၂၅)အရ အရန်ဆန်ရိက္ခာ(၁၆၂၀)တန်ကို ငလျင်ဒဏ်ခံခဲ့ရသည့် လိုအပ်နေသူများထံ လက်ဝယ်အရောက်ပေးအပ်နိုင်ရေး အကောင်းဆုံးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုလို ကူညီပံ့ပိုးပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ



ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်(၁၆၂၀)တန်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က ငလျင်ဘေးသင့်ပြည်သူများထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့ထံသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် အဆိုပါ မန္တလေးတိုင်းဒေသကြီးအတွက် လှူဒါန်းသော ဆန်အိတ် ၁၆၂၀ တန် ( ၄၅ Kg အိတ်အရေအတွက် ၄၀၅၀၀ အိတ်)ကို ခရိုင်၊ မြို့နယ်များမှတစ်ဆင့် စနစ်တကျ ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ရတနာပုံတက္ကသိုလ် (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ကျရောက်သည့် ရတနာပုံတက္ကသိုလ်၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ်ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမိုးယဉ်ယဉ်နှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သုတေသနစာတမ်းတင်သွင်းဖတ်ကြားမည့် စာတမ်းရှင်များ၊ စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက အဖွင့်အမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ ဝိဇ္ဇာဘာသာရပ်တွင် မြန်မာစာ(၄)စောင်၊ အင်္ဂလိပ်စာ(၆)စောင်၊ ပထဝီဝင်(၃)စောင်၊ သမိုင်း(၄)စောင်၊ ဒဿနိကဗေဒ(၁)စောင်၊ စိတ်ပညာ(၁)စောင်၊ ဥပဒေပညာ(၅)စောင်၊ အရှေ့တိုင်းပညာ (၂)စောင်၊ နိုင်ငံတကာဆက်ဆံရေးပညာ(၅)စောင်၊ မနုဿဗေဒ(၁)စောင်၊ ရှေးဟောင်းသုတေသနပညာ(၄)စောင်၊ စာကြည့်တိုက်နှင့်သုတပညာ(၃)စောင်၊ စီးပွားရေးပညာ(၂)စောင်တို့အားလည်းကောင်း၊ သိပ္ပံဘာသာရပ်တွင် ဓာတုဗေဒ(၄)စောင်၊ ရူပဗေဒ(၄)စောင်၊ သင်္ချာ(၄)စောင်၊ သတ္တဗေဒ(၆)စောင်၊ ရုက္ခဗေဒ(၁)စောင်၊ ဘူမိဗေဒ(၁)စောင်၊ စုစုပေါင်း စာတမ်း(၆၁)စောင်ကို တင်သွင်းဖတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၈၂)**





# ရွှေဘိုတက္ကသိုလ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



ရွှေဘို ဖေဖော်ဝါရီ ၂၂

ရွှေဘိုမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေဘိုတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ရွှေဘိုတက္ကသိုလ်ရှိ ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေဘိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမြယဉ်ယဉ်ငြိမ်းက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ လူငယ်များအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာအသိပညာများ မြှင့်တင်ပေးခြင်းသည် အရေးကြီးကြောင်း၊ ယခုကဲ့သို့ လူငယ်စကားဝိုင်းများသည် လူငယ်များအတွက် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန် ကူညီပေးပြီး လူမှုအသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်လိုစိတ်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ မခင်ယုလွင်က "ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း"၊ မမေပွင့်ဖြူက "စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း"၊ မဖြိုးဖြိုးထွေးက "အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း"၊ မောင်ကျော်ခန့်နိုင်က "စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်း"၊ မရွှန်းလဲ့ဝေက "ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အကြမ်းဖက်ခြင်း" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီးဆွေးနွေးပွဲသို့တက်ရောက်လာသည့်ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ ရွှေဘိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီခန့်တွင် Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အပြစ်မဲ့ အရပ်သားပြည်သူများ စီးနင်းလိုက်ပါသည့် ခရီးသည်တင် လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိပါသဖြင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

# "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass) မြန်မာ-ကိုရီးယား လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပြီး မီဒီယာတွေ့ဆုံပွဲပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်း၍ ပထမဆုံး ရိုက်ကူးထုတ်လုပ်မည့် "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass) လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးခြင်းနှင့် မီဒီယာတွေ့ဆုံခြင်းကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ရာဟုထောင့်တွင် ပြုလုပ်သည်။

အဆိုပါ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးခြင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ KK media မှ တာဝန်ရှိသူများ၊ ဇာတ်လမ်းတွဲရိုက်ကူးမည့် ကိုရီးယားဒါရိုက်တာ Mr. Shim Ki Won နှင့် လက်ထောက်ဒါရိုက်တာအဖွဲ့၊ ဇာတ်လမ်းတွဲတွင် ပါဝင်ကြမည့် မြန်မာ-ကိုရီးယား သရုပ်ဆောင်များနှင့် အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံဘက်မှ သရုပ်ဆောင်ရွေးချယ်ခြင်းအား ကိုရီးယားနိုင်ငံမှ ဒါရိုက်တာအဖွဲ့ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လူငယ်အမျိုးသား၊ အမျိုးသမီး ၄၇ ဦးကို လူတွေ့စစ်ဆေးခြင်း (Audition) သုံးကြိမ်ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ရွှေကြိုအနုပညာရှင်များ ဖြစ်ကြသည့် လင်းလက်ခွန်းချို၊ ပြည့်စုံ၊ ဆီဆန်ကျော်ဇော၊ မေ့ချစ်သက်၊ သူရိန်မင်းခန့်၊ ဖြိုးဟန်ကျော်တို့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအနုပညာရှင်များ ဖြစ်ကြသည့် အိန္ဒြာစိုးစံ၊ ကျော်သက်အောင်၊ ရာဇာအောင်နှင့် မြနန္ဒာတို့အား စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ကိုရီးယားနိုင်ငံဘက်မှ သရုပ်ဆောင်ရွေးချယ်ခြင်း (Audition) ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ရာ လူငယ်အမျိုးသား၊ အမျိုးသမီး ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီးနောက် Song Jung-hwan၊ Jang Eun-Young၊ Lee Je-na၊ Cho Won-hyung၊ Yoo Jun-hyuk နှင့် Lee Si-yoon တို့ကို ရွေးချယ်ခဲ့သည့်အပြင် ကိုရီးယားနိုင်ငံတွင် ရုပ်သံဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားသည့် နာမည်ကြီး အနုပညာရှင်များ ဖြစ်ကြသော Mo Gun-hoo၊ Park San-ha၊ Cho Chan-Hyung တို့ကို အဓိကသရုပ်ဆောင်များအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ကိုရီးယားနိုင်ငံ မှ KK Media Co.,Ltd. တို့ ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အပြန်အလှန်သွားရောက်ကာ ၂၀၂၆ ခုနှစ် မတ်လအပြီး ရိုက်ကူးထုတ်လုပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှစ် (၅၀) ပြည့်ကာလကို ဂုဏ်ပြုသောအားဖြင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ လူငယ်ပရိသတ်များ အရည်အချင်းတိုးတက်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





❑ စာမျက်နှာ ၂၄ မှ

အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား မော်ဘီတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး မော်ဘီတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊\

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကလေးလူငယ်စာပေဖွံ့ဖြိုးရေး

စာရေးသူတို့ မန္တလေးတက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားနေချိန် ၁၉၆၉-၁၉၇၀ ခုနှစ်ဝန်းကျင်သည် ကလေးလူငယ်စာပေများ ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးအချိန်ဟု ပြောရမည်ထင်ပါသည်။

စာရေးဆရာကြီး လူထုဦးလှ၏ "ကလေးပုံပြင်များ"စာအုပ်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာပုံပြင်စာအုပ်များမှာ စာဖတ်တတ်ကာစအရွယ်ကလေးငယ်များအဖို့ ဗဟုသုတများစွာ ရရှိစေခဲ့သော စာအုပ်များ ဖြစ်ပါသည်။

လူထုဦးလှ၏ ကျောင်းကန်အနီးမှ ပုံပြင်များမှာလည်း လူငယ်များအတွက် ကျေးလက် ဗဟုသုတများ များစွာရရှိခဲ့သည်။

မှတ်မှတ်ရရ စာရေးသူ ဆယ်နှစ်သား ၁၉၆၀ ပြည့်နှစ်တွင် "စာပေဗိမာန်"က ထုတ်ဝေခဲ့သော ရုပ်ပြစာအုပ်ကလေးတွေကို ဝယ်ခဲ့ပါသည်။ ၂၅ ပြားသာ ပေးရသည်။ ငါးတန်းကျောင်းသားဘဝမှာ ဖတ်ခဲ့ရသော ထိုစာအုပ်ကလေးတွေက "ရုပ်ပြ" ပုံလေးတွေနဲ့မို့ ဖတ်ချင်စရာကောင်းသည်။

ကျွန်တော်တို့ ကျောင်းသွားရာလမ်းက အိမ်ဆိုင်ကလေးတစ်ဆိုင်မှာ ဝယ်ရတာကို မှတ်မိပါသည်။ စာအုပ်ကလေးတွေက ပါးပါးလေးတွေ ဖြစ်သည်။ စာပေဗိမာန်က ဘာသာပြန်ထုတ်ဝေခဲ့သော ထိုစာအုပ်လေးများမှာ သိပ္ပံစာစဉ်များ၊ ပညာပေး စာစဉ်များ၊ ပုံပြင်များ၊ သူရဲကောင်းများ စုံလင်ပါသည်။

စာပေဗိမာန်က စာရေးသူတို့ ကလေးတွေအတွက် သီးခြားထုတ်ဝေခဲ့သော နိုင်ငံရပ်ခြားပုံပြင်များမှာ ထိုခေတ်က များပါသည်။ အီဂျစ်ပုံပြင်များ၊ သူရဲကောင်း "ဝီလျံတဲ"၊ ဇာနည်မောင်၊ ပါရှန်းပုံပြင်များ၊ "အလီဘာဘာနှင့် ခိုးသားလေးဆယ်"၊ "သဘော်သားဆင်းဘတ်"စတဲ့ နိုင်ငံရပ်ခြားပုံပြင်များ ဖြစ်သည်။

"စာပေဗိမာန်"က ထုတ်ဝေခဲ့သော စာစဉ်များတွင် ချဉ်ပေါင်တစ်စည်း၊ နောင်ရေးမပြင်၊ ဘဝဆုံး၊ ကြားချင်သူ၊ နှစ်သစ်ကူး၊ ရဲသားကြီး၊ သားလိမ္မာ၊ ငါးပြားတန်၊ လူစွမ်းကောင်း "ဟာဂျူလီ"၊ အတာကလေး၏ တစ်နေ့တာ၊ စောင်းဆရာကြီးနှင့် ရေသူမ၊ သနားစဖွယ်မောင်နှမငယ်၊ ဆေးစွမ်းချိန်၊ အမေ့စကား၊ မြည်းမင်းသား၊ တောသားရွှေမိုး၊ ဖိုးရွှေကျေးဇူး၊ သည်မိုးသည်လေ၊ သူတို့အစွမ်း၊ ကျောက်စာအုပ်ကြီး မောင်ရွှေလိပ်၊ ရောမမြို့တော်၊ ဇနက္ကမင်းသား စတဲ့ စာအုပ်များပင် ဖြစ်သည်။

ထိုလစဉ်ထုတ်ဝေသော စာအုပ်ကလေးများအပြင် လစဉ်ထုတ်ကာတွန်းစာအုပ်များလည်း ရှိသေးသည်။ ကာတွန်းညွန့်ပေါင်း၊ မော်ဒန်ကာတွန်း၊ ပေါ်ပြူလာစာအုပ်တို့ ဖြစ်သည်။ ဆရာကြီး ဦးအောင်ရှိန်၏ ဇာတ်ကောင်များဖြစ်သော ဦးစံရှားနဲ့ ဦးဒိန်းဒေါင်၊ ဦးစိတ်တိုနှင့်မျောက်ညို၊ တီထွင်ပါရဂူ ဖိုးဆိတ်ဖြူ၊ ဆရာကြီး ဦးသန်းကြွယ်၏ မောင်ကမ္ဘာ၊ အင်္ဂါဂြိုဟ်နှင့် ဖိုးဝ ဇာတ်ကောင်များမှာ စာရေးသူတို့ ငယ်စဉ်က အသည်းစွဲဖတ်ခဲ့ရသော ကာတွန်းများ ဖြစ်သည်။

ဦးစံရှားနှင့် ဦးဒိန်းဒေါင် ကာတွန်းမှာ လူကြီး၊ လူငယ်မရွေး ကြိုက်နှစ်သက်သဖြင့် ဟာသရုပ်ရှင်ပင် ရိုက်ခဲ့ရပါသေးသည်။

စာရေးသူတို့ ငယ်စဉ်က မင်းရဲကျော်စွာ၊ မဟာဗန္ဓုလ၊ ဘုရင့်နောင်၊ အလောင်းဘုရား စသည့် သူရဲကောင်းများအကြောင်း ရေးသားထားသည့် မြန်မာသူရဲကောင်းများ စာအုပ်ကို ဖတ်ခဲ့ရဖူးပါသည်။ ထိုစာအုပ်ကိုဖတ်ပြီး သူရဲကောင်းများ၏ သတ္တိနှင့် စိတ်ဓာတ်ကို များစွာအားကျမိခဲ့ပါသည်။

မိမိတို့ အမျိုးဇာတိ၊ မိမိနိုင်ငံ၊ မိမိတို့ ကိုးကွယ်ရာ ဘာသာ၊ သာသနာ၊ စာပေနှင့် စပ်လျဉ်း၍ မာန်တက်ခြင်း၊ အညံ့မခံလိုခြင်းမှာ "ဇာတိမာန်"ဟု သိခဲ့ရသည်။ ထိုဇာတိသွေး၊ ဇာတိမာန်များ လူငယ်များ၏ စိတ်တွင် ကိန်းအောင်းစေရန် လူငယ်စာပေများမှာ များစွာအရေးပါလှသည်။

လွတ်လပ်ရေးရပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှ ၁၉၈၀ ပြည့်နှစ်အထိ ကာလမှာ လူငယ်များ၊ ကလေးသူငယ်များအတွက် ကဗျာ၊ ဝတ္ထု၊ ပုံပြင်၊ ဆောင်းပါးရသမျိုးစုံ ပါဝင်သည့် စာအုပ်များ အများဆုံးထွက်ရှိသော ကာလဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထိုစဉ်က ကလေးသူငယ်များနှင့် လူငယ်များအတွက် စာပေပြုစုရေးသားခဲ့သည့် စာရေးဆရာ၊ ကဗျာဆရာကြီးများ စာရေးသူတို့ နိုင်ငံတွင် များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဆရာကြီးမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ တက်တိုး၊ နုယဉ်၊ ဒေါ်ကြွယ်ကြွယ်၊ တက္ကသိုလ်မောင်အောင်ဆွေ၊ တက္ကသိုလ်စိန်တင်၊ ဒေါ်စောမုံညင်း၊ ပျဉ်းမနားမောင်နီသင်း၊ တင်မိုး၊ မောင်သက်ကြူ၊ သူရဇော်၊ တက္ကသိုလ်ကြည်မာ၊ လူထုဦးလှ၊ ဇန်းမော်ညိုနွဲ့၊ ဂယက်နီ၊ မောင်မျိုးမြတ်၊ လူထုဒေါ်အမာ၊ ဗန္ဓုရဝင်း၊ မောင်သစ်လွင်၊ အောင်သင်းစသည့် စာရေးဆရာ၊ ကဗျာဆရာများ များစွာ ပေါ်ထွန်းခဲ့သော ကာလဖြစ်သည်။

(စာရေးသူတင်ပြသည်မှာ တချို့ စာရေးဆရာ၊ ကဗျာဆရာများစွာလည်း ကျန်ရှိပါဦးမည်။)

ဆရာကြီးမင်းသုဝဏ်၏ ကလေးကဗျာများမှာ စာရေးသူတို့၏ ငယ်ဘဝကို များစွာလွှမ်းမိုးခဲ့ဖူးပါသည်။ ဆရာကြီး ပညာဝန်-ဦးဝန်၊ မင်းသုဝဏ်သည် စာရေးသူတို့၏ သူငယ်တန်း မြန်မာဖတ်စာ၊ ပထမတန်း မြန်မာဖတ်စာတို့ကို ဆရာကြီး ဦးဖေမောင်တင်နှင့် တွဲဖက်ရေးသားခဲ့ပြီး မူလတန်းနှင့် တတိယတန်း မြန်မာဖတ်စာတို့အား ပညာဝန် ဦးဘနှင့် တွဲဖက်ရေးသားခဲ့သူ ဖြစ်သည်။ ဖတ်စာအုပ်ကလေးပေါ်မှာ "ဦးဝန်နှင့် ဦးဘ စီစဉ်သည်"ဟူသော စာတန်းကလေးကို ယနေ့တိုင် မမေ့ပါ။

စာရေးသူတို့ အသက် ၁၄ နှစ်အရွယ်ခန့် ၁၉၆၄ ခုနှစ်တွင် ပန်းချီဆရာကြီး ဦးဘကြည် သရုပ်ဖော်ရေးဆွဲပြီး "ဆေးရောင်စုံ"ဖြင့် ထွက်ပေါ်လာခဲ့သော "ဗုဒ္ဓဝင်"စာအုပ်ကလေးမှာလည်း လူငယ်ကလေးများအပေါ်များစွာအကျိုးရှိ သက်ရောက်စေခဲ့ပါသည်။

ဆရာကြီး မင်းသုဝဏ်သည် ဘဝတစ်သက်တာလုံးတွင် ကလေးများအတွက် ပုံပြင်၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်စာအုပ်ပေါင်း ၆၆ အုပ်ရေးသားပြုစုသွားခဲ့သူတစ်ဦးဖြစ်သည်။

ကဗျာဆရာမကြီး ဒေါ်နုယဉ်မှာ "ကလေးကဗျာ"များကိုသာ တစိုက်မတ်မတ်ရေးသားခဲ့သူ ဖြစ်သည်။ ဆရာမကြီး၏ ကဗျာများမှာ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့၊ မြန်မာ့အငွေ့များနှင့် ထုံမွှမ်းနေသည့်အပြင် ကလေးသူငယ်များအတွက် လိမ္မာရေးခြားရှိစေရန်၊ ရိုးသားကြိုးစားရန်နှင့် ဇာတိမာန်စိတ်ဓာတ်များ မွေးမြူကြရန် အမြဲလှုံ့ဆော်တိုက်တွန်းပေးခဲ့သည်။

ဆရာကြီး မင်းသုဝဏ်၊ ဆရာမောင်ပြုံးနှင့် နုယဉ်တို့သည် "ကလေးကဗျာများ"ထွန်းကားရေးအတွက် ရှေးဦးစွာ လမ်းခင်းခဲ့ကြသူများ ဖြစ်သည်။

ဆရာကြီးအောင်သင်းမှာ ကွယ်လွန်ချိန်အထိ နှစ်ပေါင်းရှည်ကြာ လူငယ်များအတွက် စာကောင်းစာသန့်များကို အားကြိုးမာန်တက်ရွေးချယ်ပြုစုခဲ့ပါသည်။ ဆရာကြီး၏ "မျိုးဆက်သစ်၊ တိုးတက်ရစ်ဖို့"စာအုပ်ကား ထင်ရှားပါသည်။

ခေတ်သစ်စာရေးဆရာများထဲတွင် စာရေးဆရာ "ကောင်းသန့်"မှာလည်း လူငယ်၊ လူရွယ်ကလေးများအတွက် စာကောင်းစာမွန်များကို ရေးသားပြုစုနေသူ ဖြစ်သည်။

ကဗျာဆရာ ပျဉ်းမနား မောင်နီသင်းမှာလည်း ကွယ်လွန်ချိန်အထိ ကလေးလူငယ်များ၏ ဘာသာရေး၊ ပညာရေးတိုးတက်စေရန် မဝတ်ရည်ပုံပြင်များ၊ နေခြည်ထဲက နှင်းစက်များ၊ ကဗျာဟူသည်၊ ပန်းဝတ်ရည်၊ စာစီစာကုံးအတွေးနှင့်အရေး စသည့် စာအုပ်များ ပြုစုရေးသားခဲ့ပါသည်။

ကဗျာဆရာတင်မိုး၏ "ထီးကလေးနဲ့မနီ"ကဗျာစာအုပ်မှာ ကလေးသူငယ်များအတွက် ရည်ရွယ်သည်။ "အမျိုးသားစာပေ"ဆုပင် ဆွတ်ခူးရရှိခဲ့သည်။

ကဗျာဆရာ၊ စာရေးဆရာ မောင်သက်ကြူမှာလည်း ကလေးစာပေများကို အခြားစာပေများထက် ပိုမိုခုံမင်စွာ ရေးသားခဲ့သူအဖြစ် ထင်ရှားခဲ့သည်။

စာရေးဆရာလူထု ဦးလှမှာ လုံးချင်းစာအုပ်ပေါင်း ၉၄ အုပ် ထုတ်ဝေခဲ့ရာ သူရေးသားခဲ့သည့် စာအုပ်များ၏ တစ်ဝက်တိတိဖြစ်သော ၄၇ အုပ်မှာ လူငယ်ကလေးများအတွက် "ပုံပြင်စာအုပ်"များ ဖြစ်သည်။ ပညာပေးစာအုပ်များ ဖြစ်သည်။

လောင်းကစား၏ဆိုးကျိုးကို လူငယ်တွေသိစေရန် "ကျွန်တော်မြင်းသမား"၊ အရက်သောက်စားခြင်း၏ ဆိုးကျိုးကိုသိစေရန် "အရက်သမားအမှားတစ်ထောင်"စသည့် စာအုပ်များကို ရေးသားကာ ပညာပေးခဲ့ပါသည်။

၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သတင်းစာ၊ စာရေးဆရာကြီး ဇဝန ဦးစီးပြီး "မြဝတီ"စာပုံနှိပ်တိုက်မှ "ကလေးဂျာနယ်"ကို စတင်ထုတ်ဝေခဲ့ဖူးကြောင်း မှတ်သားရသည်။ ထိုဂျာနယ်အမှတ်(၁)တွင် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က "အနော်ရထာနှင့်ပုဂံသူရဲကောင်းများ"အကြောင်းကို ကလေးများအတွက် ရေးသားခဲ့ကြောင်း သိရသည်။

စာရေးသူတို့ နိုင်ငံတွင် ခေတ်အဆက်ဆက် "ပုံပြင်"များကို အပျင်းပြေစေရန်လည်းကောင်း၊ ဗဟုသုတ တိုးပွားစေရန်လည်းကောင်း၊ လိမ္မာယဉ်ကျေးစေရန်လည်းကောင်း၊ ကလေးငယ်များအား ရည်ရွယ်ပြောဆိုခဲ့ကြသည်မှာ မိဘတို့၏တာဝန် ဖြစ်သည်။ သို့သော်လည်း ယနေ့ခေတ်ကလေးသူငယ်များမှာ "အိပ်ရာဝင်"ပုံပြင်များနှင့် ဝေးခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

"အင်းဝခေတ်"က ပေါ်ခဲ့သော"လောကသာရပျို့" မှာ အင်းဝခေတ်ကလေးငယ်များအား လိမ္မာရေးခြားရှိအောင် ဆုံးမသော မေတ္တာစာပင် ဖြစ်သည်။ စာရေးသူတို့ငယ်စဉ် အလယ်တန်းကျောင်းသားဘဝက "လောကသာရပျို့"ကို မြန်မာစာတွင် သင်ကြားခဲ့ကြရသည်။

၁၉၆၄ ခုနှစ်၊ စာရေးသူတို့ အလယ်တန်းကျောင်းသားအရွယ်က "ဒို့ကျောင်းသား"စာစောင်ထုတ်ဝေခဲ့သည်။ "တော်လှန်ရေးကောင်စီအစိုးရပြန်ကြားရေးဝန်ကြီးဌာန"မှ ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ လစဉ်ထုတ်ဝေပြီး တန်ဖိုး ၂၅ ပြားသတ်မှတ်ထားသည်။ ထိုစာအုပ်တွင် အမေးအဖြေကဏ္ဍပါသဖြင့် စာရေးသူမှ မေးခွန်းတစ်ခုမေးရာ "အဖြေ"ပါလာခဲ့ဖူးကြောင်း မှတ်မိပါသည်။

စာရေးသူအနေဖြင့် ၁၉၇၃ ခုနှစ်က ကျင်းပခဲ့ဖူးသော ကလေးသူငယ်များနှင့် ပတ်သက်သည့် "စာပေနှီးနှောဖလှယ်ပွဲ"မျိုးကို ယနေ့ခေတ်တွင် ပြန်လည်ကျင်းပနိုင်စေရန် မျှော်မှန်းမိသည်။ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖိုရမ်များ ကျင်းပနိုင်ရန် မျှော်လင့်တောင့်တမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြတ်လင်းသူ

## ကွန်ကရစ်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိ

**မြစ်သား ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရွှေပေါက်ကန်းကျေးရွာအုပ်စု၊ ရွှေပေါက်ကန်းကျေးရွာ၌ ကွန်ကရစ်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိသည်။

ကွန်ကရစ်ပြုလုပ်ရောင်းချသည့် ပစ္စည်းများမှာ ခြံစည်းရိုးကွန်ကရစ်တိုင်၊ ကျောက်ခွေ၊ ရေပြွန်၊ နွားစားကျင်းခွက်၊ ကျောက်စည်ပိုင်း၊ အုတ်ဖိနပ်တိုင် စသည့် ပစ္စည်းများအား နေအိမ်ခြံဝင်း အတွင်းတွင် ပြုလုပ်ရောင်းချလျက်ရှိသည်။

"ကွန်ကရစ်ပစ္စည်းတွေ အခုက ရောင်းအားကောင်းတာကတော့ ခြံစည်းရိုးကွန်ကရစ်ကျောက်တိုင်၊ နွားစားကျင်းခွက်၊ ကျောက်စည်ပိုင်း၊ အုတ်ဖိနပ်တိုင်တို့ပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ ကျေးရွာလမ်းများ ပြုလုပ်ရာမှာ အသုံးပြုတဲ့ ရေပြွန်များလည်း ရောင်းရပါတယ်။ ကွန်ကရစ်ပစ္စည်းများ ပြုလုပ်ရာမှာ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ဘိလပ်မြေ၊ ကျောက်စရစ်၊ သဲ၊ သံချောင်းတွေကို မြို့ပေါ်မှဝယ်ယူရပြီး ဈေးကလည်းတက်တဲ့အတွက်ကြောင့် ကုန်ကြမ်းပစ္စည်းတွေ ဈေးတက်၊ ဝယ်လိုအားပေါ်မူတည်ပြီး အနည်းငယ်ပြောင်းလဲရောင်းချရပါတယ်။ ကျွန်တော့်ရဲ့ဆိုင်ကတော့ ကျောက်ခွေအကျယ်သုံးပေအနက်တစ်ပေကို ငွေကျပ် ၁၈,၀၀၀၊ ရေပြွန်အမြင့်လေးပေနဲ့ အကျယ်သုံးပေတစ်ခုကို ငွေကျပ် ၁၅၀,၀၀၀၊ ခြံစည်းရိုးကျောက်တိုင် အမြင့်ခုနစ်ပေနဲ့ ထုလေးလက်မတစ်တိုင်ကို ငွေကျပ် ၁၈၀,၀၀၀၊ ကျောက်စည်ပိုင်းအမြင့်၊ အကျယ်နှစ်ပေခွဲပတ်လည်ကို ငွေကျပ် ၂၅,၀၀၀၊ အုတ်ဖိနပ်အကြီးငွေကျပ် ၃၆,၀၀၀၊ အလတ် ငွေကျပ် ၃၃,၀၀၀၊အသေး ငွေကျပ် ၂၈,၀၀၀ ရောင်းချကာ ယခု ပွင့်လင်းရာသီမှာ အရောင်းရဆုံး ရာသီလည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ မိသားစုအပိုဝင်ငွေလည်း ရရှိပါတယ်"ဟု ကွန်ကရစ်ပစ္စည်းပြုလုပ်ရောင်းချသည့် "မိုးကောင်းကင်" ပိုင်ရှင် ဦးကိုထွေးက ပြောသည်။



(အောက်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

## ကမ္ဘာလုံးဆိုင်ရာ အမေရိကန်အကောက်ခွန်အသစ်များကို ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကာ ထပ်မံအတည်ပြု



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က သမ္မတ ဒေါနယ် ထရမ့်၏ ကျယ်ပြန့်သော သွင်းကုန်ခွန်စည်းကြပ်မှုများကို ပယ်ဖျက်ခဲ့ပြီးနောက် ရက်ပိုင်း အကြာတွင် သမ္မတထရမ့်က ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ အကောက်ခွန်အသစ်များကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထိ တိုးမြှင့်ကာ ထပ်မံအတည်ပြုလိုက်ကြောင်း သိရသည်။

ဝါရှင်တန်အစိုးရက ယခင်က ကောက်ခံထားပြီးဖြစ်သော ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံကို ပြန်လည်ပေးလျော်ရန် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရများက ကြိုးပမ်းနေချိန်တွင် ဖေဖော်ဝါရီ ၂၁ ရက်က ယခုကဲ့သို့ အကောက်ခွန် တိုးမြှင့်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတထရမ့်သည် ၎င်း၏ ထရုသ်ဆိုရှယ် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အဆိုပါ အကောက်ခွန်တိုးမြှင့်မှုအား ချက်ချင်း အာဏာသက်ရောက်စေရန် ကြေညာခဲ့ပြီး ယင်းလုပ်ဆောင်ချက်သည် သောကြာနေ့က တရားရုံးချုပ်မှ ထုတ်ပြန်ခဲ့သည့် ရယ်စရာကောင်းပြီး စာသားရေးသားမှုညံ့ဖျင်းကာ အမေရိကန်ဆန့်ကျင်ရေး အလွန်အမင်းဆန်သော ဆုံးဖြတ်ချက်အပေါ် ပြန်လည်သုံးသပ်မှုအပေါ် အခြေခံထားခြင်းဖြစ်သည်ဟု ပြောကြားသည်။

အခွန်စည်းကြပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်သည် အမေရိကန်လွှတ်တော်၌သာရှိသောကြောင့် သမ္မတထရန့်အနေဖြင့် တစ်ဦးတည်းသဘောဖြင့် အကောက်ခွန်များ သတ်မှတ်ခြင်းနှင့် ပြောင်းလဲခြင်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု တရားရုံးချုပ်က ခြောက်မဲ သုံးမဲဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အေအိုင် သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးအပြီးတွင် လုံခြုံစိတ်ချ၊ ခိုင်မာတောင့်တင်းသော အေအိုင်ကို တောင်းဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်းများစွာသည် လုံခြုံစိတ်ချရပြီး ခိုင်မာတောင့်တင်းသော ဉာဏ်ရည်တု(အေအိုင်) နည်းပညာဖြစ်ထွန်းလာစေရန် ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် တောင်းဆိုခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်ချက်သည် အများပြည်သူကို ကာကွယ်ရန်အတွက် ယေဘုယျဆန်လွန်းသည်ဟု ဝေဖန်မှုများလည်း ထွက်ပေါ်လျက်ရှိသည်။

နိုင်ငံပေါင်း ၈၆ နိုင်ငံက လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါ ထုတ်ပြန်ချက်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာကို ထိန်းချုပ်ကန့်သတ်ရန် ခိုင်မာသည့် ကတိကဝတ်များ ပါဝင်ခြင်းမရှိဘဲ မိမိအလိုအလျောက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်အချို့ကိုသာ အလေးပေးဖော်ပြထားသည်။

ငါးရက်ကြာ ကျင်းပခဲ့သည့် အေအိုင်သက်ရောက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ အေအိုင်နည်းပညာ၏ အကျိုးကျေးဇူးများကို လူသားအားလုံး ခံစားခွင့်ရရှိမှသာ ၎င်း၏ အလားအလာကောင်းများကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် မျိုးဆက်သစ် အေအိုင်နည်းပညာများ ပေါ်ထွန်းလာခြင်းသည် နည်းပညာဆိုင်ရာ ဆင့်ကဲပြောင်းလဲမှုလမ်းကြောင်း၏ အချိုးအကွေ့တစ်ခုဖြစ်ကြောင်းလည်း ဖော်ပြသည်။

လုံခြုံစိတ်ချရပြီး ခိုင်မာသည့် အေအိုင်နည်းပညာကို မြှင့်တင်ခြင်းသည် ယုံကြည်မှုတည်ဆောက်ရန်နှင့် လူမှုစီးပွားဆိုင်ရာ အကျိုးကျေးဇူးများကို အမြင့်ဆုံး ရရှိစေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း သိရသည်။

**Mon**

## လသို့ သွားမည့် ပထမဆုံးအကြိမ်မြောက် အာတီးမစ် -၂ ခရီးစဉ် နည်းပညာ ပြဿနာများကြောင့် ရှေ့လတွင် စတင်နိုင်မည် မဟုတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အနှစ် ၅၀ ကျော်ကာလအတွင်း လသို့ လူလိုက်ပါသွားရောက်မည့် ပထမဆုံးအကြိမ်မြောက် အာတီးမစ်-၂ ခရီးစဉ်သည် နည်းပညာဆိုင်ရာ ပြဿနာများကြောင့် ရှေ့လတွင် စတင်နိုင်မည် မဟုတ်ဟု နာဆာအကြီးအကဲ ဂျာရက် အိုက်ဆက်မန်းက အတည်ပြုပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရောမအာကာသလွှတ်တင်ရေးစနစ် ဒုံးပျံအတွင်းရှိ ဟီလီယမ်စီးဆင်းမှုဆိုင်ရာ ပြဿနာတစ်ရပ်ကို လုပ်ငန်းခွင်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် မတ်လအတွင်း လွှတ်တင်ရန် လျာထားမှုကို ထည့်သွင်းစဉ်းစားတော့မည် မဟုတ်ကြောင်း အိုက်ဆက်မန်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် လူမှုကွန်ရက်၌ ရေးသားဖော်ပြသည်။



ဒုံးပျံအင်ဂျင်များကို သန့်စင်ရန်နှင့် လောင်စာကန်များအား ဖိအားပေးရန်အတွက် ပုံမှန် ဟီလီယမ်စီးဆင်းမှုမှာ မရှိမဖြစ်လိုအပ်သည်။

ယခုဖြစ်ရပ်ကြောင့် လူအများ စိတ်ပျက်မိမည်ကို နားလည်ပါကြောင်းနှင့် ယင်းသို့ စိတ်ပျက်မှုကို ဤကြိုးပမ်းမှုကြီးအတွက် မနားမနေလုပ်ဆောင်နေကြသည့် နာဆာအဖွဲ့သားများက အများဆုံးခံစားရသည်ဟု အိုက်ဆက်မန်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

## ဈေးနှုန်းချိုသာသော ပန့်ချ်အီးဗီအမျိုးအစားသစ်ဖြင့် တာတာမော်တော်ကားကုမ္ပဏီ ဈေးကွက်ထိုးဖောက်မည်

**ဒေလီ ဖေဖော်ဝါရီ ၂၂**

တာတာမော်တော်ကားကုမ္ပဏီသည် ၎င်းတို့၏ ဈေးနှုန်းချိုသာသော ပန့်ချ်အီးဗီအမျိုးအစားသစ်ဖြင့် ကမ္ဘာ့တတိယအကြီးဆုံး လျှပ်စစ်ကားဈေးကွက်၏ အခြေခံလူတန်းစားသုံးကဏ္ဍကို အောင်မြင်စွာ ထိုးဖောက်နိုင်မည်ဟု ယုံကြည်ထားသည်ဟု အဆိုပါ မော်ဒယ်သစ်ကို ယမန်နေ့က မိတ်ဆက်ခြင်းမပြုမီ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နှစ်က အိန္ဒိယနိုင်ငံ၌ ရောင်းချခဲ့ရသော ခရီးသည်တင်မော်တော်ယာဉ် ၄ ဒသမ ၆ သန်း၏ ၆၅ ရာခိုင်နှုန်းခန့်မှာ အမေရိကန်ဒေါ်လာ ၁၃,၂၀၀ အောက် ဈေးနှုန်းရှိသည့် ကားများဖြစ်ကြသည်။ သို့သော် အဆိုပါ ဈေးနှုန်းသက်သာသော ကားများအနက် ၁ ဒသမ ၆ ရာခိုင်နှုန်းသာ လျှပ်စစ်ကားများဖြစ်ပြီး ဈေးနှုန်းမြင့်မားသော ကားကဏ္ဍတွင်မူ လျှပ်စစ်ကားရောင်းချရမှုမှာ ၁၀ ရာခိုင်နှုန်းအထိသာရှိသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ဈေးနှုန်းသက်သာသော အပိုင်း၌ ရွေးချယ်စရာ လျှပ်စစ်ကား မော်ဒယ်အရေအတွက် အနည်းငယ်သာ ရှိသည်။ ထို့ပြင် ကားမောင်းနှင်နိုင်သည့် အကွာအဝေးအပေါ် စိုးရိမ်မှု၊ အားသွင်းချိန်ကြာမြင့်မှုနှင့် ဘက်ထရီ သက်တမ်း ယုံကြည်စိတ်ချရမှုဆိုင်ရာ အချက်များက ဝယ်ယူသူများကို နောက်တွန့်စေလျက်ရှိကြောင်း ရှိုင်လက်ရှ် ချန်ဒရာက သတင်းထောက်များကို ပြောကြားသည်။

အစစ်အမှန် စိန်ခေါ်မှုမှာ အခြေခံလူတန်းစားသုံး ကားဈေးကွက်ဖြစ်ပြီး ယင်းအပိုင်းကို ထိုးဖောက်နိုင်မှသာ လျှပ်စစ်ကားများကို လူထုကြားတွင် အဓိကယာဉ်အဖြစ် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပုဂ္ဂလိက တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ပိုးမွှားကူးစက်မှုများကြောင့် ကျား ၇၂ ကောင် သေဆုံး

**ဘန်ကောက် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပုဂ္ဂလိက တိရစ္ဆာန်ဥယျာဉ် တစ်ခုတွင် လွန်ခဲ့သောသီတင်းပတ်များအတွင်း ပြင်းထန်သည့် ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယား ကူးစက်မှုများကြောင့် ကျားအကောင်ရေ အနည်းဆုံး ၇၂ ကောင် သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ချင်းမိုင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သောကြာနေ့ (ဖေဖော်ဝါရီ ၂၀ ရက်) ထုတ်ပြန်ချက်တွင် အလွန်ကူးစက်လွယ်သော ခွေးနာရောဂါပိုးနှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည့် ဘက်တီးရီးယားများကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ကျားများ ဖျားနာသည့်အခါ ခွေး သို့မဟုတ် ကြောင်ကဲ့သို့သော တိရစ္ဆာန်များထက် ရောဂါလက္ခဏာ ရှာဖွေဖော်ထုတ်ရန် ပိုမိုခက်ခဲကြောင်းနှင့် ၎င်းတို့ နေမကောင်းဖြစ်နေသည်ကို သိရှိချိန်တွင် နောက်ကျသွားပြီဖြစ်ကြောင်း အမျိုးသားမွေးမြူရေးဌာန ညွှန်ကြားရေးမှူး ဆုမ်ချွမ်း ရတနာမွန်ကလာနွန်က ဒေသတွင်းသတင်းမီဒီယာများသို့ ပြောကြားသည်။

အဆိုပါ ကျားများ သေဆုံးမှု ဖြစ်ပွားခဲ့သည့် တိုက်ဂါးကင်းဒမ်း တိရစ္ဆာန်ဥယျာဉ်သို့ ယမန်နေ့က ဆက်သွယ်ခဲ့သော်လည်း မှတ်ချက်ပေးရန် ပြန်လည်ဖြေကြားခြင်း မရှိကြောင်း သိရသည်။

**Mon**



## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**သရက် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တောင်မင်းတည်းရပ်ကွက် မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်လွင်မိုးနှင့် တပ်ဖွဲ့ဝင်များက တောင်မင်းတည်းရပ်ကွက်မီးဘေးလုံခြုံရေးအတွက် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေပုံး၊ မီးသတ်ဆေးဘူးနှင့် လျှပ်စစ်မီးအသုံးပြုမှုများနှင့် ဟောင်းနွမ်းဆွေးမြေ့နေသော လျှပ်စစ်ဝါယာကြိုးများ ဝါယာရှော့(စ်) မဖြစ်စေရေးအတွက် လိုက်လံဆောင်ရွက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**



## မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်လှစ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက် ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးထွန်းနေဦး၊ မြို့မီးလင်းရေးကော်မတီအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးတို့က သင်တန်းသားများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားများက လက်ခံရယူပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီးကြည်ရှုနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသား ၂၀ ဦးအား စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ အားကစားလှုပ်ရှားမှုများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်တန်းကာလ ၈၅ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ စာစစ်ဌာနကျင်းပမည့်ကျောင်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပမည့် စာစစ်ဌာနကျောင်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က ညောင်ဦးခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးမှုအား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ဦးမြို့နယ်အတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပမည့် ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းစာစစ်ခန်းများနှင့် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လျှပ်စစ်မီးခုံများ၊ မီးခလုတ်များ သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးများ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး ထားရှိမှုများ စစ်ဆေးခြင်း၊ ကျောင်းရေကန်များ ရေဖြည့်တင်းထားရှိမှု စစ်ဆေးခြင်း၊ စာဖြေခန်းများ အလင်းရောင်ရရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်အခြေအနေများ စစ်ဆေးခြင်း၊ နံရံကပ်နာရီများ ချိတ်ဆွဲထားရှိမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းလုံခြုံစွာ ဝင်ရောက်ဖြေဆိုနိုင်ရန်နှင့် စာမေးပွဲဖြေဆိုစဉ်ကာလ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

(၄၄၅)

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၅ ရက်တို့တွင် လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၇၃ တန်၊ သစ်မာ ၂ ဒသမ ၁၆၈ တန်၊ အခြားသစ် ၅၃ ဒသမ ၀၉၀ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် မြစ်ငယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် ကိုးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။










(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

**မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။**

## ရှမ်းပြည်နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၃၄ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ အထိ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဘန့်ဗွီးကျေးရွာအုပ်စု၊ နားစေးစောက်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီခွဲမှ နံနက် ၁၁ နာရီထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၈ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၁ နာရီခွဲအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ လုံးပျဉ်ကျေးရွာအုပ်စု၊ ဗန်းမောက်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အား လည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

# ကျွန်တော်နှင့်---- MESC (အပိုင်း ၃)

**DE ဦးသန်းမြင့်ရေ……**

(၁.၂.၂၀၂၆)ရက်နေ့မှစတင်ပြီး (500MW) LNG to Power ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိမယ့် ဓာတ်အားများကို နိုင်ငံအတွင်းရှိ သီးခြားတိုက်ရိုက်ဓာတ်အားပေးနိုင်တဲ့ စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားခနှုန်းထားသစ်ဖြင့် ရောင်းချသွားမယ်လို့ သိရပါတယ်။ စက်မှုဇုန်ပြင်ပရှိ စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအားလုံးအတွက်လည်း ဓာတ်အားခနှုန်းထားအသစ်ဖြင့် တစ်ပြေးညီ ကောက်ခံသွားမယ်လို့ သိရှိရပါတယ်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်မီးသုံးတဲ့ အိမ်ထောင်စုပေါင်း (၁၁၉၁၉၁၈) ရှိပြီး တစ်ယူနစ်လျှင် (၂၃၂)ကျပ်နှုန်းထားဖြင့် လက်ကားစနစ် လျှပ်စစ်ဓာတ်အားကို ဝယ်ယူပြီး ပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။အိမ်သုံးအမျိုးအစားများမှာ (၁)ယူနစ်ကို (၅၀)ကျပ်မှ (၃၀၀)ကျပ်အထိလည်းကောင်း၊ အိမ်သုံးမဟုတ်သည့် ယူနစ်အလွှာလိုက်နှုန်းထားမှာ (၁)ယူနစ်လျှင် (၂၅၀)ကျပ်မှ (၅၀၀)ကျပ်အထိလည်းကောင်း ပြန်လည်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် LNG ဖြင့် ဓာတ်အားစတင်ထုတ်လုပ်နိုင်မှုအရ ဓာတ်အားရယူသုံးစွဲမည့် စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင် (၇၉၂)ဦးရှိပြီး သင့်တင့်မျှတတဲ့ နှုန်းထားတစ်ခုဖြင့် (၂၄)နာရီ ဓာတ်အားပြတ်တောက်မှုမရှိစေဘဲ ဓာတ်အားပေးလျက်ရှိပြီး လစဉ်ခွဲဝေရရှိမှုအပေါ် မူတည်၍ ပိုလျှံသော ဓာတ်အားကိုလည်း အများပြည်သူသို့ ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ၊ အရေးကြီးနေရာများနှင့် စက်မှုဇုန်၊ စီးပွားရေးလုပ်ငန်းများအား ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ ။

**DE ဦးသန်းမြင့်ရေ ….**

အကျဉ်းပြန်ချုပ်ရရင်တော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ပုံမှန်အားဖြင့်ရရှိတာ MW 500 ပတ်ဝန်းကျင်ပဲဖြစ်ပါတယ်။ ဒီလို 500 MW ဟာ နွေရာသီရောက်လာတဲ့အချိန်မှာ ဆည်တွေရေအားနည်းတဲ့အတွက်ကြောင့်လည်းကောင်း၊ သဘာဝ ဓာတ်ငွေ့ရဲ့ ထုတ်လုပ်မှုစွမ်းအား လျော့နည်းမှုကြောင့်လည်းကောင်း၊ ထုတ်လုပ်မှု(production/supply) တွေက နည်းပါးလာပြီးတော့ ကျွန်တော်တို့လိုအပ်တဲ့ (requirement/demand) များပြားလာပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြခဲ့ပါတယ်။ ယခုအခါ အဲ့ဒီကွာဟချက်ကို အစားထိုးဖို့အတွက် ကျွန်တော်တို့တစ်တွေဟာ LNG ကို သာကေတနဲ့ သီလဝါမှာထုတ်လို့ရှိရင် 500MW ရရှိမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွက် ခွဲတမ်း ၂၂ရာခိုင်နှုန်း(110MW) ရရှိနိုင်မှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွက် ပုံမှန် 500MW + 110MW ဆိုတော့ 610 MW ပတ်ဝန်းကျင်ရရှိမှာပဲဖြစ်ပါတယ်။ ဒီလိုရရှိလာတဲ့အချိန်မှာ LNG မရခင်မှာ ပြည်သူများအား တစ်ရက်လျှင် ၁၂ နာရီခန့်၊ စက်မှုဇုန်များအား တစ်ရက်လျှင် ၈နာရီခန့် ပေးဝေနိုင်ခဲ့ပါတယ်။ LNG ဝင်ရောက်လာပြီးနောက်ပိုင်းမှာတော့ ပြည်သူတွေက တစ်ရက်ကို ၂၁ နာရီ ရရှိမှာဆိုတော့ ၉ နာရီ ပိုမိုသုံးစွဲခွင့်ရရှိလာမှာဖြစ်ပါတယ်။ စက်မှုဇုန်တွေက တစ်ရက်ကို ၈ နာရီကနေပြီး ၂၄ နာရီ ရရှိတော့မှာဖြစ်တဲ့အတွက်ကြောင့် တစ်ရက်ကို ၁၆ နာရီခန့် ပိုမိုသုံးစွဲခွင့် ရရှိလာတော့မယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျာ။

ဒါကြောင့်မို့ LNG ရရှိလာတဲ့အခါ ပြည်သူတွေက ဓာတ်အားကို ပိုမိုသုံးစွဲလာနိုင်မယ်။ စက်ရုံလုပ်ငန်းတွေကလည်း ၂၄ နာရီအချိန်ပြည့် မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ Load shed ဆိုတာကလည်း တစ်ခါတစ်လေ မတော်တဆဖြစ်စဉ်တွေအတွက် load shed ဖြစ်မှုအကြိမ်အရေအတွက်ဟာအများကြီး လျော့နည်းသွားမှာ ဖြစ်ပါတယ် (လုံးဝပပျောက်သွားမယ်လို့တော့ ၁၀၀ ရာခိုင်နှုန်း အာမ မခံနိုင်ပါဘူး)။ ဓာတ်အားခအနေနဲ့လည်း ပြည်သူတွေကိုတော့ မူလပေးချေတဲ့ နှုန်းထားအတိုင်း (၅၀)ကျပ်မှ (၃၀၀)ကျပ်အတွင်းပဲ ပေးချေရမှာဖြစ်ပါတယ်။ စက်မှုဇုန်တွေ၊ အထူးစက်မှုဇုန်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် သူတို့ကို (၂၅၀)ကျပ်ကနေပြီးတော့ (၅၀၀)ကျပ်အထိ မူလက ကောက်ခံခဲ့ပါတယ်။ ယခုအခါ တိုးမြှင့်ကောက်ခံမှာဆိုတဲ့ အကြောင်းလည်း တင်ပြရှင်းလင်းသိရှိခဲ့ရပါတယ်ခင်ဗျာ။ဒါကြောင့်မို့ ဒီ LNG ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်လာတဲ့ အတွက်ကြောင့် စက်မှုလုပ်ငန်းတွေမှာ unit rate အနည်းငယ်တိုးမြှင့်တာက လွဲပြီးတော့ ကျန်တဲ့အစိတ်အပိုင်းတွေမှာ အားလုံးဟာ ပိုမိုပြီးတော့ အကောင်းဘက်ကချည်းပဲ ရှုမြင်နိုင်ကြမှာဖြစ်ပါတယ်။ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးအနေနဲ့တော့ ဒီ LNG ကနေပြီး လျှပ်စစ်ဓာတ်အားတိုးချဲ့ထုတ်လုပ်လာတဲ့ ကိစ္စကို ကြိုဆိုရမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ စက်မှုဇုန်တွေ၊ အထူးစက်မှုဇုန်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာရှိကြတဲ့ လုပ်ငန်းရှင်တွေကလည်း ယခုနောက်ပိုင်းမှာ ဓာတ်အားကို ၂၄ နာရီသုံးစွဲပြီးတော့ ကုန်ထုတ်လုပ်ငန်းတွေကို အများကြီး ပိုမိုတိုးတက်ထုတ်လုပ်လာခြင်းဖြင့် နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားလည်း တိုးတက်လာမှာ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ ။

**ရွှေဇင်**

## သာစည်မြို့လူထုအခြေပြုဗဟိုဌာန၌ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေး




**သာစည် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်ပြီး Online မှတစ်ဆင့် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် စားသုံးသူရေးရာဦးစီးဌာန သာစည်မြို့နယ်တာဝန်ခံ ဒေါ်ဖြူဖြူထွန်းတို့က စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်းပြီး ကုန်ပစ္စည်းများ၌ ကုန်အညွှန်းအမှတ်အသားတပ်ဆင်မှုအကြောင်းများ၊ အကာအကွယ်ပေးဆောင်ရွက်နေမှုများ၊ စားသုံးသူများအနေဖြင့် ဆုံးရှုံးနစ်နာမှုများရှိခဲ့ပါက တိုင်ကြားနိုင်သည့်အကြောင်းအရာများနှင့် တိုင်ကြားနိုင်သည့် လိပ်စာများ၊ ဖုန်းနံပါတ်များ၊ online မှတစ်ဆင့် တိုင်ကြားနိုင်သည့် Website၊ Application၊ Call Centre တိုင်ကြားခဲ့မှုများအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုများနှင့် စားသုံးသူများအနေဖြင့် ကုန်စည်ဝယ်ယူသုံးစွဲသည့်အခါ ကုန်စည်ပေါ်တွင် မြန်မာစာဖြင့် ပါရှိရမည့် ကုန်အညွှန်းအမှတ်အသားများကို သိရှိနားလည်ထားရန်နှင့် လုပ်ငန်းရှင်များကလည်း မြန်မာစာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံအောင်ဖော်ပြခြင်းဖြင့် လိုက်နာဆောင်ရွက်သွားကြရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၇)

ဝ-ဝ-ဝ-ဝ-ဝ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဂျီနိုအာ | ၃ | ၀ | တိုရီနို |
| အတ္တလန်တာ | ၂ | ၁ | နာပိုလီ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဖရိုင်းဘတ် | ၂ | ၁ | မိုချန်ဂလာဘတ် |
| စိန့်ပေါလီ | ၂ | ၁ | ဝါဒါဘရီမင် |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ရှက်ဖီးလ်(Utd) | ၂ | ၁ | ရှက်ဖီးလ်(Wed) |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အော်ဇေး | ၀ | ၃ | ရင်းနက်စ် |
| အန်းဂါးစ် | ၀ | ၁ | လိုင်လီ |
| နန့်တက်စ် | ၂ | ၀ | လီဟာဗာ |
| နိစ် | ၃ | ၃ | လိုရီယန့် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဂီတာဖေး | ၀ | ၁ | ဆီဗီလာ |
| ဘာစီလိုနာ | ၃ | ၀ | လီဗန်တေး |



# နိုင်ငံတကာ အားကစား သတင်းများ

## မားကိုစ်ဆီနီစီ ဘုန်းမောက်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ဘုန်းမောက်အသင်း နောက်ခံကစားသမား မားကိုစ်ဆီနီစီ အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့် ဘုန်းမောက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား မားကိုစ်ဆီနီစီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ကစားကာ ခြောက်ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ မားကိုစ်ဆီနီစီက "ကျွန်တော်အခုလို ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့် မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနှင့်အတူ ပွဲထွက်ကစားပြီး အောင်မြင်မှုတွေ ရယူသွားချင်ပါသေးတယ်"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## နည်းပြ ဂလက်စ်နာ ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် လက်ရှိအချိန် ရလဒ်များ ထင်သလောက် ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ ဂလက်စ်နာကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(အောက်ပုံ)**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၆ ပွဲ ကစားအပြီးတွင် ရမှတ် ၃၂ မှတ်ဖြင့် အဆင့်(၁၅)နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဂလက်စ်နာကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။



နည်းပြ ဂလက်စ်နာသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၁ ပွဲတွင် ၄၂ပွဲနိုင်၊ ၃၁ပွဲသရေ၊ ၂၈ပွဲ ရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဂလက်စ်နာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## အယ်လ်ဖွန်ဆိုဒေးဗီးစ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မြူးနစ် ဖေဖော်ဝါရီ ၂၂**

ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဖရန့်ဖတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၈ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



**(အပေါ်ပုံ) (NGB)**

## 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Carlos Alcaraz ဆွတ်ခူး



**ဒိုဟာ ဖေဖော်ဝါရီ ၂၂**

ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils အား ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Carlos Alcaraz က "ကျွန်တော်အခုလို 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## နေမာ ယခုနှစ်ရာသီကုန်တွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ဘရာဇီးလက်ရွေးစင်အသင်းနှင့် ဆန်းတို့စ်အသင်းတိုက်စစ်မှူး နေမာ ဒဏ်ရာပြဿနာနှင့် ဆက်တိုက်ရင်ဆိုင်နေရခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ဆန်းတို့စ်အသင်းက ဗီလိုကလပ်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၅ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၉ ပွဲ ကစားကာ ၁၁ ဂိုး သွင်းယူထားသလို ဘရာဇီးလက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၀ မှ ၂၀၂၃ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၂၈ ပွဲ ကစားပြီး ၇၉ ဂိုး သွင်းယူထားနိုင်ခဲ့သည်။

ထို့ကြောင့် နေမာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ကစားသမားဘဝမှ အမှန်တကယ် အနားယူသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ယေးလ်ထရီပီ ကက်ဂလီယာရီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဖေဖော်ဝါရီ ၂၂**

ကက်ဂလီယာရီအသင်းသည် အသင်းတိုက်စစ်မှူး ယေးလ်ထရီပီအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**



အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကက်ဂလီယာရီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားကာ ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကက်ဂလီယာရီအသင်း၏ ထုတ်ပြန်ချက်တွင် "ယေးလ်ထရီပီအား စာချုပ်သက်တမ်းတိုးခဲ့ပါပြီ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမှာပါ။ အသင်းအနေနဲ့ နောက်ထပ်ကစားသမားတွေကို ထပ်မံစာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**

## ဟာ့ဘရူဂန်အား ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်း ဂိုးသမား ဗာ့ဘရူဂန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဘရိုက်တန်အသင်းကလည်း ဗာ့ဘရူဂန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းထံမှ ဗာ့ဘရူဂန်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် အယ်လ်ဟီလာအသင်း တိုက်စစ်မှူး ဒါဝင်နူနက်ဇ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာဖွယ်ရှိသည့် နောက်ခံကစားသမား ရူဒီဂါကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆) — နိုင်ငံကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၂-၂၀၂၆<br>နံနက်၀၀း၀၀နာရီ | (၁၀)ဖီအိုရင်တီးနား - ပီဇာ(၁၉)<br>(L,L,D,W,W) (D,L,L,D,L) | ———— |
| ၂၄-၂-၂၀၂၆<br>နံနက်၀၂း၁၅နာရီ | (၁၀)ဘိုလော့ဂ်နာ - အူဒီနီစ်(၁၁)<br>(L,L,L,W,W) (L,W,W,L,L) | ဘိုလော့ဂ်နာ ၁-၁ အူဒီနီစ်<br>အူဒီနီစ် ၀-၀ ဘိုလော့ဂ်နာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) — နိုင်ငံကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၂-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၅)အလာဗက်စ် - ဂီရိုနာ(၁၂)<br>(W,W,L,L,D) (W,D,L,D,W) | အလာဗက်စ် ၀-၁ ဂီရိုနာ<br>ဂီရိုနာ ၀-၁ အလာဗက်စ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇) — နိုင်ငံကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၂-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၉)အဲဗာတန် - မန်ယူ(၅)<br>(W,D,D,W,L) (W,W,W,W,D) | အဲဗာတန် ၂-၂ မန်ယူ<br>မန်ယူ ၄-၀ အဲဗာတန် |

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၂**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၆ ရက်က အမရပူရမြို့၊ ဆင်တဲဗိုလ်၊ ကွက်သစ်ရပ်နေ ကွယ်လွန်သူ-ဦးသန်းထွန်း တစ်နှစ်ပြည့်အား ရည်စူး၍ (ဇနီး) ဒေါ်သူဇာခိုင်၊ (သမီး)မအေးသူဇာထွန်း မိသားစုမှ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ငါးသိန်း၊ ဆေးပဒေသာပင်အတွက် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ခြောက်သိန်းတိတိအား လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူပြီး အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၁၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၀)**

## အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိပါသည်။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်သည့်ရက်မှစတင်၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းဖြစ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၂၆)ရက်မှ (၃၁-၃-၂၀၂၇)ရက်အထိ တစ်နှစ်သက်တမ်းရှိသော လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် စည်ပင်သာယာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းလိုင်စင်နှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ(ဟိုတယ်/ဆေးရုံ၊ ဆေးခန်း)များကို ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသဖြင့် ပြင်ဆင်သတ်မှတ်ထားသော လိုင်စင်ခနှုန်းများအတိုင်း ပေးဆောင်ရန်နှင့် အသေးစိတ်သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**



## အကြိမ် (၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ အကြိမ်(၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်က ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ ကိစ္စများ မှာကြားချက်များကို ထပ်ဆင့်ဆွေးနွေးမှာကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ပြည်ထောင်စု တရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို ထပ်ဆင့်ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်၊ မြို့နယ် တရားသူကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**

## လေပြင်းဘေးဒဏ်ခံနိုင်ရည်မရှိသောနေအိမ်များ အားဖြည့်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် လေပြင်းဘေးဒဏ်ခံနိုင်ရည်မရှိသောနေအိမ်များ အားဖြည့်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးထွန်းမင်းဆွေက မိမိတို့မြို့နယ်၌ ယခုလိုရာသီတွင် လေပြင်းဘေးအန္တရာယ်ခံစားခဲ့ရသည့်အခြေအနေများနှင့် ပြန်လည်ပြင်ဆင်ပေးခဲ့ရမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးအေးမင်းသူက ပျော်ဘွယ်မြို့နယ်အတွင်း လေပြင်းဘေးအန္တရာယ်ခံနိုင်ရည်ရှိသော အဆောက်အအုံများဖြစ်လာစေရန် အားဖြည့်ပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ လေပြင်းဘေးဒဏ် ခံစားရလေ့ရှိသော ကျေးရွာများသို့သွားရောက်၍ အားဖြည့်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာရင်းများကောက်ယူခြင်း၊ အကြံဉာဏ်များပေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိကျေးရွာများသို့သွားရောက်၍လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။**(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## တောင်ဘကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် တောင်ဘကျေးရွာ၌ အသားတိုး ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေသည့် အဖွဲ့လေးဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။ **(၄၄၅)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီ သီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ သီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးမှုအနေဖြင့် ပဲမျိုးစုံ ၂၁၉၉၆ ဧက၊ ဆီထွက်သီးနှံ ၃၅၂၈၀ ဧက၊ စားဖိုဆောင်သီးနှံ ၉ ဧက၊ အခြားသီးနှံစုံ ၃၇၁၇ ဧက၊ စုစုပေါင်း ၆၀၉၀၂ ဧက စိုက်ပျိုးပြီးဖြစ်သည်။

"ကျွန်းလှမြို့နယ်မှာ သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးဖို့ ၅၇၃၃၆ ဧကလျာထားပြီး ၆၀၉၀၂ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားချက်ထက် ၃၅၆၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး သီးထပ်၊ သီးညှပ်နဲ့ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၈၀)**

# မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ကြစို့

လူ့ဘဝ ရခဲလှသည်ဟု သိရှိရသည်။ ရခဲလှသည့် လူ့ဘဝကို မိမိအသက်ရှင်စဉ် အချိန်ကာလလေးအတွင်း မိမိ၏ ဘဝကို တန်ဖိုးရှိအောင်၊ အကျိုးရှိအောင် နေထိုင်သွားဖို့ အရေးကြီးလှသည်။ လူ့ဘဝတွင် အရွယ်သုံးပါး ခွဲခြား၍ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယ အရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟု ရှေးလူကြီးများက ဆုံးမလမ်းညွှန်ခဲ့ကြသည်။ မိမိဘဝတွင် ပထမအရွယ်မှာ ပညာရှာရင်း ဒါနတရား၊ သီလတရား၊ ဘာဝနာတရားများ ကျင့်ကြံပွားများသင့်လှသည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာရင်း ဒါနတရား၊ သီလတရား၊ ဘာဝနာတရားများ ကျင့်ကြံပွားများသင့်လှသည်။ တတိယအရွယ်ရောက်သည့်အခါ အတော်အသင့် ပြည့်ဆည်းထား၍ ငယ်စဉ်ကတည်းက ကျင့်ကြံခဲ့သော တရားဘာဝနာများသည် တရားအားထုတ်မှုအဆင့် အတော်အတန် ခရီးရောက်နေပြီး မိမိ၏ အကြံအစည်၊ အပြောအဆိုများသည် ဓမ္မဓိဋ္ဌာန်ကျကျ နေထိုင်ပြီး တရားသဘောများဖြင့် ပြည့်စုံနေမည် ဖြစ်သည်။

မိမိဘဝနေထိုင်စဉ်ကာလနှင့် ကွယ်လွန်ပြီး နောင်တမလွန်ဘဝတို့တွင် အပြစ်ကင်းစွာ ရောက်ရှိရေးအတွက် ယခုပစ္စုပ္ပန်ကာလတွင် မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရမည်။ ရှေးပညာရှိများ၏ အဆိုအမိန့်မှာ ရှေးကကောင်း၍ အခုကောင်းသည်၊ အခုကောင်း နောင်ကောင်းပါလိမ့်မည်ဟု လမ်းပြညွှန်သင်ထားသည်။ သို့အတွက် မိမိဘဝတွင် ကိုယ်စိတ်နှစ်ပါး ကောင်းမွန်စေရေးအတွက် အထူးလိုက်နာပြုပြင် နေထိုင်သွားဖို့ အရေးကြီးလှသည်။

မိမိသည် ဒါနရှိသူမဟုတ်ပါက အခြားသူများအား ပေးကမ်းစွန့်ကြဲခြင်းအမှု၊ ဒါနမျိုးစေ့ စိုက်ပျိုးခြင်း အလေ့အကျင့်ကို ပြုလုပ်ရမည်ဖြစ်သည်။ မိမိသည် သီလမရှိသူဖြစ်ပါက သီလဆောက်တည်ခြင်းအမှုကို လေ့ကျင့်ပြီး သီလရှိသူ ဖြစ်အောင်နေရမည်။ မိမိက ဘာဝနာရှိသူ မဟုတ်ပါက တရားနာကြားခြင်း၊ တရားစခန်းဝင်၍ တရားဘာဝနာ ရှာဖွေကြိုးစားပွားများ ပြည့်ဆည်းပါက တရားရှိသူ တရားနှင့်အညီ နေထိုင်တတ်သူ ဖြစ်မည်။

မိမိသည် အနေအထိုင် ထောင့်မကျိုးသူဖြစ်နေပါက အပြောအဆို၊ အပြုအမူ၊ အနေအထိုင် အချိုးကျစေဖို့ မိမိကိုယ်ကို မိမိပြုပြင်ရမည်။ သို့မှသာ နူးညံ့သိမ်မွေ့သူဖြစ်မည်။ မိမိအပြောအဆို ပျော့ပျောင်းခြင်းမရှိသေးလျှင် စကားပြောဆိုရာတွင် ချိုသာစွာ ပြောဆိုခြင်းအမှုကို ပြုပြင်ဆောင်ရွက်ရပါမည်။ သို့မှသာ အပြောအဆို ပြေပြစ်သူဖြစ်မည်။ မိမိသည် စည်းကမ်းသေသပ်သူ မဟုတ်သေးလျှင် အစစအရာရာ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်သည့်အကျင့် မွေးမြူရမည်။ သို့မှသာ မိမိသည် စည်းကမ်းရှိသူဖြစ်မည်။ အထက်ပါ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်များကို စည်းကမ်းစနစ်တကျ နေထိုင်တတ်စေဖို့ မိမိခန္ဓာကိုယ်ကို အမြဲမပြတ်ပြုပြင်နေရမည်။

မိမိသည် ကုသိုလ်ရေးတွင် တွန့်ဆုတ်နေသူဖြစ်လျှင် ကုသိုလ်ပြုရေးကိစ္စအဝဝတွင် ကိုယ်တိုင်ပါဝင်လှူဒါန်းခြင်း၊ အခြားသူများအား ကုသိုလ်ရေးကိစ္စတွင် ပါဝင်လာစေရေး နှိုးဆော်ခြင်းများ ပြုလုပ်ပေးရမည်။ သို့မှသာ မိမိသည် ကုသိုလ်ရေးကိစ္စများနှင့် ပြည့်စုံသူဖြစ်မည်။

မိမိသည် အသိပညာဗဟုသုတ မပြည့်စုံသေးသူ ဖြစ်နေပါလျှင် ပညာရှိသူများထံ ဆည်းကပ်ကိုးကွယ်ခြင်း၊ အသိပညာရရှိစေမည့် စာပေများကို သင်ကြားလေ့လာ မှတ်သားရမည်ဖြစ်သည်။ သို့မှသာ အသိပညာပြည့်ဝသူ ဖြစ်မည်။

မိမိသည် ပေါင်းသင်းဆက်ဆံရေးတွင် တစ်ကိုယ်ကောင်းဆန်နေပါက မိမိကောင်းကျိုး၊ အများကောင်းကျိုး နှစ်ဖက်ကောင်းကျိုးရှိမည့် ပရဟိတစိတ်မွေးမြူပြီး ရပ်ကွက်အကျိုး၊ ရွာအကျိုး ဆောင်ရွက်သည့် ပရဟိတလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သင့်သည်။ သို့မှသာလျှင် တစ်ကိုယ်ကောင်းဆန်မှုများ နည်းလာပြီး အများအကျိုးဆောင်ရွက်သူ ဖြစ်လာမည်။

အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတို့တွင် ကိုယ်ရေစိတ်ပါပြုပြင်ထားသူ၊ ပညာအရည်အချင်း ပြည့်ဝသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူ၊ အလုပ်ကိစ္စများတွင် စည်းကမ်းသေသပ်စွာ လုပ်တတ်သူ၊ ရိုးသားဖြောင့်မတ် တည်ကြည်သူ၊ သူတစ်ပါးအကျိုးကို လိုလားစွာ ဆောင်ရွက်သူသည် လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်ပြီး လူပီသသူတစ်ယောက်ဖြစ်သည်။

လူ့ဘဝသို့ ရောက်ရှိလာစဉ် ပထမဦးဆုံး ကျေးဇူးရှင်မှာ မိဘနှစ်ပါး အမိ၊ အဖတို့ဖြစ်သည်။ ဒုတိယကျေးဇူးရှင်မှာ အသိအလိမ္မာ အတတ်ပညာ သင်ကြားပြသပေးသော ဆရာဖြစ်သည်။ တတိယ ကျေးဇူးရှင်မှာ မိမိဘဝကို သံသရာဝဋ်မှ လွတ်မြောက်စေဖို့ တရားပြပေးသော တရားပြဆရာ ဖြစ်သည်။ မိမိ၏ဘဝတွင် ကျေးဇူးရှင်များစွာရှိမည် ဖြစ်သည်။ ကျေးဇူးကိုရှာ ကျေးဇူးကိုသိ ကျေးဇူးကို ပေးဆပ်ခြင်းဖြင့် ကျေးဇူးသိတတ်သူ၊ အပြစ်ကင်းသူတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

**မိမိသည် အနေအထိုင် ထောင့်မကျိုးသူဖြစ်နေပါက အပြောအဆို၊ အပြုအမူ၊ အနေအထိုင် အချိုးကျစေဖို့ မိမိကိုယ်ကို မိမိပြုပြင်ရမည်။ သို့မှသာ နူးညံ့သိမ်မွေ့သူဖြစ်မည်။ မိမိအပြောအဆို ပျော့ပျောင်းခြင်းမရှိသေးလျှင် စကားပြောဆိုရာတွင် ချိုသာစွာ ပြောဆိုခြင်းအမှုကို ပြုပြင်ဆောင်ရွက်ရမည်။ သို့မှသာ အပြောအဆို ပြေပြစ်သူဖြစ်မည်။ မိမိသည် စည်းကမ်းသေသပ်သူမဟုတ်သေးလျှင် အစစအရာရာ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်သည့်အကျင့် မွေးမြူရမည်။ သို့မှသာ မိမိသည် စည်းကမ်းရှိသူဖြစ်မည်။ အထက်ပါ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်များကို စည်းကမ်းစနစ်တကျ နေထိုင်တတ်စေဖို့ မိမိခန္ဓာကိုယ်ကို အမြဲမပြတ် ပြုပြင်နေရမည်။**

မိမိဘဝတစ်လျှောက်လုံး တရားနဲ့မွေ့လျော်သူ၊ တရားကို နာယူကျင့်ပွားသူသည် မိမိကျင့်သော တရားက ပြန်လည်စောင့်ရှောက်ကြောင်း မှတ်သားရသည်။ တရားတော်နာကြားသူဟာ မြင့်မြတ် အထက်တန်းကျတဲ့ ကြီးမားကြောင်းကိစ္စကို ပြုလုပ်သည်ဟု မင်္ဂလာသုတ်မှ ဖွင့်ဆိုထားသည်။

မိမိလူ့ဘဝရောက်ရှိလာရခြင်းမှာ ရှေးက ကုသိုလ်အထူးရှိ၍သာ လူ့ဘဝရောက်ရှိခြင်းသာ ဖြစ်သည်။ ရှေးကကောင်း၍ အခုကောင်းသည်၊ အခုကောင်း နောင်ကောင်းပါလိမ့်မည်ဟု ရှေးပညာရှိများက လမ်းညွှန်ပြခဲ့ကြသည်။ မိမိ၏ လက်ရှိဘဝကို ကျေနပ်မနေဘဲ အမြဲမပြတ် ကုသိုလ်ပြုလုပ်ရမည်ဖြစ်သည်။ ကုသိုလ်မလုပ်မိပါက ကုသိုလ်ကံကုန်ဆုံး၍ အကုသိုလ်ကံက ထက်ကြပ်မကွာလိုက်လာမှာဖြစ်၍ ကုသိုလ် အမြဲမပြတ် ပြုလုပ်သင့်သည်။ ကုသိုလ်အား အမြဲမပြတ်ပြုလုပ်သူ ကုသိုလ်နဲ့ပျော်မွေ့သူသာ အပြစ်ကင်း၍ ချမ်းသာမှုကို ပြုလုပ်နေသူ၊ မင်္ဂလာရှိသောသူ ဖြစ်နေသည်။

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာသည် ဘုရားငါးဆူ ပေါ်ထွန်းမည့် ဘဒ္ဒကမ္ဘာဖြစ်သည်။ ယခုပွင့်တော်မူပြီးသော ဘုရားများမှာ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား လေးဆူပွင့်တော်မူခဲ့ကြပြီး အရိမေတ္တေယျမြတ်စွာဘုရားသာ ပွင့်ရန် ကျန်ရှိသည်။ ပွင့်တော်မူပြီးသော ဘုရားရှင်များက ဟောပြောညွှန်ပြသော တရားအနှစ်ချုပ်မှာ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဟု ညွှန်ပြထား၍ မိမိသည် မကောင်းမှုဟူသမျှ မပြုလုပ်ရ၊ ကောင်းမှုကုသိုလ်နှင့် ပြည့်စုံအောင် နေထိုင်ကြ၊ စိတ်ထားဖြူဖြူစင်စင် နေထိုင်ကြဟု ဟောဖော်ညွှန်ပြထားသည်။

မကောင်းမှု အကုသိုလ်ဒုစရိုက်တရား ၁၀ ပါးကို သေချာရှောင်ကြဉ်ရမည်ဖြစ်သည်။ ကောင်းမှုကုသိုလ် ပုညကြိယာ ၁၀ ပါးကို အမြဲကျင့်သုံးလိုက်နာရမည်ဖြစ်သည်။ နေ့စဉ် မိမိစိတ်ကို စိတ်ဆိုး၊ စိတ်ယုတ်များ ဖယ်ရှားပြီး ဖြူစင်သော စိတ်ကောင်း အမြဲမွေးမြူရမည်။ သို့မှသာ ဘုရားဟော တရားနဲ့အညီ နေထိုင်သူဖြစ်သည်။

မိမိမှတ်သားမိသော "သုည"ဝတ္ထုလေးကို တင်ပြပေးလိုသည်။ မိမိသည် အာဏာတွေ အထွတ်အထိပ်ရှိသည့် ရှင်ဘုရင်ကြီးဖြစ်ပါစေ။ ပညာတွေ အစုံတတ်မြောက်သည့် ပညာရှိပါမောက္ခကြီးဖြစ်စေ။ အသပြာပြည့်စုံကြွယ်ဝသည့် သူဌေးကြီးဖြစ်စေ။ မိမိဟာ လူသားကောင်းကျိုး၊ ပတ်ဝန်းကျင်ကောင်းကျိုးကို မသယ်ပိုး၊ မဆောင်ရွက်ဘူးဆိုရင် လူဖြစ်ရတာ ဘာမှတန်ဖိုးမရှိဘူး "သုည"တဲ့။ ဘဝတန်ဖိုးရှိဖို့ လူသား ကောင်းကျိုး၊ ပတ်ဝန်းကျင်ကောင်းကျိုး သယ်ပိုး ဆောင်ရွက်သင့်သည်။ သို့မှသာ လူပီသသူ၊ တန်ဖိုးရှိသူဖြစ်မည်။

မိမိဘဝ၌ နေ့စဉ် နေ့စဉ် ငါးပါးသီလအား ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ ဝတ်ဆင်ရမည်။ သီလလုံခြုံဖို့ အရေးကြီးသည်။ အကျဉ်းထောင်အတွင်း ရောက်ရှိနေသည့် အကျဉ်းသားများသည် အပြစ်ရှိ၍ အကျဉ်းကျခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ မိမိ၏ စက်မပျက်ယွင်းစေဖို့ မိမိကိုယ်ကို အမြဲသီလစောင့်ထိန်းရမည်။

ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်စေရန် နံနက်မိုးလင်းသည်နှင့် တစ်ကိုယ်ရေသန့်ရှင်းပြီးပါက ဘုရားစင်ရှေ့သွားပါ။ သောက်တော်ရေကပ်လှူပါ၊ ပန်း၊ ဆီမီး အစရှိသည့် လှူဖွယ်ပစ္စည်းများ ကပ်လှူပါ။ သီလဆောက်တည်ပါ။ ဘုရားရှိခိုးပါ။ မိမိကုသိုလ်အဖို့ကို အမျှဝေပါ။ ဝေနေယျသတ္တဝါအားလုံးကို မေတ္တာပို့ပါ။ သာဓုခေါ်ဆိုပါ။ ထိုနေ့အဖို့ မိမိသည် ဗုဒ္ဓဘာသာဝင် ကောင်းတစ်ယောက် ပီသသွားပြီဖြစ်သည်။ တန်ဖိုးရှိသောနေ့တစ်နေ့ ဖြစ်သွားသည်။

နေ့စဉ် သီလနဲ့ပြည့်စုံသူ၊ စိတ်စင်ကြယ်သူ၊ စိတ်ထားဖွေးဖြူသူဖြစ်ပါက အပါယ်ငရဲသို့ မရောက်ရှိဘဲ အထက်ဘုံအဆင့်ဆင့် တက်လှမ်းကာ နိဗ္ဗာန်ထိ စံဝင်စားနိုင်မည်ဖြစ်သည်။

လောကသာရပျို့၌ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟု မှတ်သားဖူးသည်။

သို့ဖြစ်ပါ၍ လူသားတိုင်း လူသားတိုင်းသည် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့ဖို့၊ မကောင်းမှုဟူသမျှ မလုပ်ဖို့ လိုအပ်လှသည်။ သီလပျက်ယွင်းပါက လတ်တလော အကျဉ်းကျ ခံစားရမှာဖြစ်သလို နောင်တမလွန်မှာ ငရဲကျခံရမှာဖြစ်တယ်။ ကောင်းမှုကုသိုလ်နဲ့ ပြည့်စုံသူ၊ သီလရှိသူများဟာ အထက်ဘုံအဆင့်ဆင့် စံစားရမှာဖြစ်တယ်။ သို့ဖြစ်ပါ၍ ရခဲလှတဲ့ လူ့ဘဝလေးမှာ အပါယ်မကျစေဖို့ အတ္တသမ္မာပဏိဓိ စက်မပျက်ယွင်းကြစေဖို့ အထူးအရေးကြီးကြောင်းကို လေ့လာတင်ပြအပ်သည်။ မိမိကိုယ်ကို ကောင်းစွာနေတတ်ဖို့ အရေးကြီးသည်။ မိမိဘဝကောင်းပါက ပတ်ဝန်းကျင်ရှိ လူသားအားလုံး အကျိုးပြုနိုင်သည်။

**ရွှေနေမောင်မောင်ညို**

## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အထူးဓမ္မသဘင် ပထမညတရားပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် ဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အထူးဓမ္မသဘင် ပထမညတရားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် ည ၇ နာရီက အဆိုပါဆေးခန်းနေရာရှိ တရားမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မသဘင်အခမ်းအနား ကျင်းပရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဓမ္မသဘင်ပွဲလာ တရားနာ ဒဿပရိသတ်များက တရားရေအေး အမြိုက်ဆေးတိုက်ကျွေးမည့် ဆရာတော်အား ဩကာသကန်တော့ချီးဖြင့် ညီညီညာညာ ကန်တော့ကြပြီး တရားဟော ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အထူးဓမ္မသဘင်ပွဲ ကျင်းပရေးအဖွဲ့ဝင် မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း အကျိုးတော်ဆောင် ဦးတိုးက တရားဟောဆရာတော်အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက နဝကမ္မ အလှူငွေများအား



ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား ဦးတိုးက လက်ခံရယူခဲ့သည်။

ထို့နောက် ဆရာတော် ဟောကြားတော်မူသော ဒေသနာတရားတော်ကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၅၃)



## အသိပညာပေး ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန Community Centre ခန်းမ၌ အသိပညာပေး ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ အားလပ်ရက်များတွင် ဗဟုသုတရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်၊ လူရွယ်၊ ကျောင်းသား၊ ကျောင်းသူလေးများကို နွေရာသီ အားလပ်ရက်များတွင် ကျောင်းစာအပြင် အခြားဗဟုသုတများရရှိစေရန်၊ ကိုယ်စွမ်းဉာဏ်စွမ်းများ တိုးတက်လာစေရန်၊ စာပေတွင် မွေ့လျော်ပြီး အမှား၊ အမှန် ဝေဖန်နိုင်စေရန်၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အများအကျိုး သယ်ပိုးထမ်းဆောင်စေလိုသောစိတ်များ မွေးမြူတတ်လာစေရန် ဟောပြောခဲ့သည်။

မဟာအောင်မြေမြို့နယ်၌ နွေရာသီ အားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နံရံကပ်စာစောင်များ၊ စာအုပ်၊ စာပေများကို ခင်းကျင်းပြသခဲ့ပြီး ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပန်းချီပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လစဉ် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ အသိပညာပေး ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၅၆)

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၂၁ ဦး ဝင်ရောက်ဖြေဆိုမည်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းတွင်းဖြေဆိုသူပေါင်း ၂၅၇ ဦး ရှိပြီး ပြင်ပဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၆၄ ဦး၊ စုစုပေါင်း ၃၂၁ ဦး တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရန် လျှောက်လွှာများ တင်သွင်းထားသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် တက္ကသိုလ်ဝင် စာစစ်ဌာနများဖြစ်သော အခြေခံပညာအထက်တန်းကျောင်း(ဆင်ပေါင်ဝဲ)၊ အခြေခံပညာ အထက်တန်းကျောင်း (ချောင်းကောက်)နှင့် အခြေခံပညာ အထက်တန်းကျောင်း(လက်ပန်) စာစစ်ဌာန သုံးခု ဖွင့်လှစ်ထားရှိသွားမည် ဖြစ်သည်။

အဆိုပါ စာစစ်ဌာနများတွင် STEAMS-1 ဖြေဆိုသူ အတွင်း၊ အပြင်ပေါင်း ၄၅ ဦး၊ STEAMS-2 အတွင်း၊ အပြင် ဖြေဆိုသူပေါင်း ၂၃၂ ဦး၊ STEAMS-1 အတွင်း၊ အပြင် ဖြေဆိုသူပေါင်း ၄၄ ဦးနှင့် စုစုပေါင်း ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၃၂၁ ဦးသည် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် လျှောက်လွှာများ တင်သွင်းထားကြောင်း ဆင်ပေါင်ဝဲမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)






ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ရွှေစာရံအလွမ်း

* ရွှေစာရံ
လတာပေါင်းရဲ့
မပြောင်းနိုင်တဲ့ ချစ်ဇာတ်လမ်း
ဒုဋ္ဌဝတီမြစ်ဝှမ်းက
အဖြစ်ဆန်းခဲ့တဲ့ အလွမ်းပန်းချီ ။

* ပုဂံပြည့်ရှင်
ဘုရင်အနော်ရထာနဲ့
စောမွန်လှတို့ရဲ့
သမုဒယဇာတ်ကြောင်း
ဟောဒီ နားထောင်းကျချောင်းနဲ့
မြတာဘက်ပောင်းလေးရဲ့
ဆုတောင်းသံတွေ
ရွှေစာရံမြေမှာ တင်ကျန်ခဲ့ပေါ့ ။

* ခုတော့
အောင်ပင်လယ်ဒိုးနဲ့
ရိုးရာလယ်လမိုင်းတင်
ရွှေစာရံသူ အပျိုစင်ရဲ့
သီလလုံတဲ့ ဂုဏ်ရည်သတ္တိ
ဟို --- ဘဝဂ်ထိလျှံ
လက်ခုပ်သံတွေ
တစ်ကွင်းလုံးညံလို့ ။

* "ပေဝန်စုံမြိုင်
တောဂနိုင်ဆန်းကြယ်" တဲ့
ရွှေစာရံညလယ်က
လွမ်းမောဖွယ်
ထန်းရွက်ပုတီး သီချင်းသံ
ကောင်းကင်ယံမှာ
လွင့်ပျံဆဲလေ ။

* တစ်ခါက
မြို့တော်မောင်ယဉ်အောင်
ပြဇာတ်ထဲမှာ
ရွှေစာရံသူလေး ဂျင်းစိမ်းရဲ့
ကိုးဆယ်ဆသာတဲ့
မေတ္တာ အနန္တနဲ့
အေးမြတဲ့
သမုဒယတေးသံလေးတွေ
တမြည့်မြည့် ဆွေးကျန်စေခဲ့ပေမယ့်
မနက်ဖြန်အတွက်
လက်ပံတွေ ပွင့်နေသမျှ
ကျွဲနဖားတောင်ခြေ
ရွှေစာရံမြေရဲ့ မျိုးဆက်
အသက်မကြီးသေးတဲ့
ထန်းရွက်ပုတီးလေးတွေ
ဒုဋ္ဌဝတီရင်ခွင်မှာ
ခုထိ ရှင်သန်နေဆဲပါလေ ။ ။

မောင်ဆွေသစ်(မန္တလေး)

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ် ဒေသတစ်ဝိုက်ရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော စာမျက်နှာ ၅ သို့ ❑

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၇)တွင် လီဗာပူး၊ ဖူလ်ဟမ်နှင့် ခရစ္စတယ်ပဲလေ့စ်တို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိ



**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၇)တွင် လီဗာပူး၊ ခရစ္စတယ်ပဲလေ့စ်နှင့် ဖူလ်ဟမ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည နာရီခွဲက လီဗာပူးအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက နော်တင်ဟမ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၉၀+၇)မိနစ်တွင် မက်အယ်လစ်စတာက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဖူလ်ဟမ်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ပွဲစဉ်တွင်လည်း ဖူလ်ဟမ်အသင်းက ဆန်းဒါးလန်းအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်တွင်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းက ဝုဖ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၂၇) ယှဉ်ပြိုင်ကစားအပြီးတွင် လီဗာပူးအသင်းက ရမှတ် ၄၅မှတ်ဖြင့် အဆင့် ၆နေရာ၊ ဖူလ်ဟမ်အသင်းက ရမှတ် ၃၇မှတ်ဖြင့် အဆင့် ၁၀နေရာ၊ ခရစ္စတယ်ပဲလေ့စ်အသင်းက ရမှတ် ၃၅မှတ်ဖြင့် အဆင့် ၁၃နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

(NGB)



## ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲအများဆုံးကစားသမားအဖြစ် ဂျိမ်းမီလ်နာ မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ဘရိုက်တန်အသင်း ဝါရင့်ကွင်းလယ်ကစားသမား ဂျိမ်းမီလ်နာသည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲအများဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘရိုက်တန်အသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိမ်းမီလ်နာသည် ကစားသမားဘဝတစ်လျှောက်တွင် လိဒ်စ်၊ နယူးကာဆယ်၊ ဗီလာ၊ မန်စီးတီး၊ လီဗာပူး၊ ယခု ဘရိုက်တန် စသည့် ကလပ်အသင်းများတွင် ကစားပြီး ပွဲပေါင်း ၆၅၄ပွဲပြည့်မြောက်ကာ ပရီးမီးယားလိဂ်၏ ပွဲအများဆုံး ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

(NGB)